စိတ်ကူးချိုချိုအနုပညာ

# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၂

mgyoe.com

mgyoe.com

# ပီ-မိုးနင်း

ဝတ္ထုပဒေသာအမှတ်-၁၂

PMN0025

1,800.00 KS

mgyoe.com

ဗီမိုးနှင့် ဝတ္ထုပဒေသာအမှတ်-၁၂

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၈၃၀၉၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၁၀၃၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခု၊ ဇွန်လတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

ဂ၀၇ • ဂ၃

ဗီမိုးနှင်း။

ဝတ္ထုပဒေသာအမှတ်-၁၂ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၂၅၂ မျက်နှာ၊ ၁၃ • ၂ စင်တီ× ၂၀ စင်တီ

(၁) ဝတ္ထုပဒေသာအမှတ် - ၁၂

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အချစ် အချစ် | ၁ |
| ၂။ | ပန်းတော်ပန် | ၃၆ |
| ၃။ | လင်နှင့် မယား | ၉၆ |
| ၄။ | တစ်ညတုန်းက | ၁၁၂ |
| ၅။ | ဘုရား ဘုရား | ၁၂၅ |
| ၆။ | တရားရုံးသမား | ၁၄၃ |
| ၇။ | ဟန်သိန်းကုမ္ပဏီ | ၁၅၀ |
| ၈။ | လူလား နတ်လား ဂူမှာနေလား | ၁၇၂ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# အချစ် အချစ်

မောင်တင့်နဲ့ မညွန့်သည် မောင်နှမအရင်း တစ်အူတည်းဆင်းခဲ့သလို တစ်ဦးကိုတစ်ဦး ညှာညှာတာတာ ယုယုယယနှင့် ရိုးရိုးသားသား ချစ်ခင်ကြ၏။ မညွန့်ကလည်း မောင်တင့်အပေါ်မှာ စိတ်ထားကြီးကြီးနဲ့ မိမိမောင်အရင်းနဲ့မခြား အရာရာမှာ မောင်တင့်သဘောကိုလိုက်ပြီး အကြိုက်ကိုသာ အစဉ်မပြတ် ပြောဆိုကာ နေရာတိုင်းမှာ စောင့်ရှောက်ပြီးနေတယ်။ မောင်တင့်ကလည်း မညွန့်အပေါ်မှာ အစ်မအရင်းလိုသဘောထားပြီး အများကြီးယုယ၍ မညွန့်က ဘာကိုလုပ်ပေးစမ်းပါ၊ ဘာကလေးလိုချင်တယ်ဆိုရင် စိတ်ရော ကိုယ်ပါ လုပ်ကိုင်ရှာဖွေပြီး ပေးတတ်၏။ မညွန့်မျက်နှာ မသာမကြည်ရင် မောင်တင့်မှာ အနေကျပ်ပြီး အညွန့် ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်သလား၊ နေမကောင်းဘူးလား၊ အတင့် ဆေးသွားတောင်းရမလားနဲ့ ပရုပ်ဆီရှာလိုရှာ၊ နှာပြေးတောင်းလိုတောင်းနဲ့ ဒေါင်းတောက်အောင် အလုပ်များ၍ မညွန့် မကြိုက်တာဆိုရင် ဘာမှ ပြောလည်းမပြောရက်၊ လုပ်လည်း မလုပ်ရဲဘဲ ဦးစားပေးပြီး ပြောစရာရှိရင် နှစ်ကိုယ့်တစ်စိတ် ပွင့်ပွင့်လင်းလင်း ပြောဆိုကာ ရင်းနှီးစွာနေခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်လေ၏။

မောင်မောင်တင့်နှင့် မညွန့်မှာ ဆွေလည်းမတော်၊ မျိုးလည်းမတော်၊ ဘာမှမတော်တဲ့ သူစိမ်းပြင်ပြင်ဘဝမှ ထိုကဲ့သို့ တဖြည်းဖြည်း ရင်းနှီးချစ်ခင်၍

mgyoe.com

mgyoe.com

လာခဲ့သည်မှာ ထိုအချိန်တွင် မညွန့်ရော မောင်တင့်ပါ အသက် ၂၂ နှစ်အရွယ်သို့ ရောက်လာကြလေ၏။ မညွန့်သည် မောင်တင့်ထက် အလွန်ဆုံးကြီးလှလျှင် တစ်လလောက်ကြီးမည်ဖြစ်သော်လည်း ထန်းပင်နှင့် နှမ်းပင်ကဲ့သို့ မညွန့်မှာ အပျိုကြီးဘဝသို့ရောက်ကာ မောင်တင့်မှာ လူပျိုကလေးလိုဖြစ်၍ အသက်ကို မမေးမူကား မောင်တင့်မှာ မညွန့်ထက် ၂နှစ်၊ ၃နှစ် ငယ်လိမ့်မည်ဟု သူသူငါငါ ထင်ကြမည်မျှမက မညွန့်နှင့် မောင်တင့်ကိုယ်တိုင်ပင် မညွန့်က ဖြူဖြူတုတ်တုတ်ကြီး၊ မောင်တင့်ကတော့ သေးသေးသွယ်သွယ်ကလေးဖြစ်နေတော့ မညွန့်စိတ်ထဲမှာ မောင်တင့်ဟာ မိမိထက် အတော်ပင် ငယ်သလိုလို။ မောင်တင့်ကလည်း မညွန့်ဟာ မိမိထက် အသက်အတော်ကို ကြီးသလိုလို ထင်မိကြသော်လည်း အသက်မှာ ဘယ်သူ့ဘယ်သူမှ ဆိုလောက်အောင် မကြီးကြကြောင်းကို စဉ်းစားမိတော့မှ အို သူက ဝလို့ပါလေ၊ သူက ပိန်ပိန်ပါးပါးမို့ပါလေ၊ ငါတို့အရွယ်အတူတူပါပဲဟု နှစ်ဦးလုံး၏ စိတ်တွင် ကျေနပ်၍သွားလေ၏။ ထိုကဲ့သို့ တစ်ဦး၏အသက်ကို တစ်ဦး တွေးတောကာ အရွယ်တူဖြစ်သည့်အတွက် ကျေနပ်ခြင်း၏အကြောင်းမှာ ဘယ်အတွက်ပေနည်း။ ဤဝတ္ထု၏အဆုံး၌ သိရှိရမည်မဟုတ်ပါလော။

(မသန်းသည် ပါးအို့နီ နှုတ်ခမ်းပါး၊ မျက်လုံးပြူး၊ နှာတံရှုံ့ကလေးနှင့် သေးသေးသွယ်သွယ် ပန်းချီစုတ်တံခြယ်ထားသလို၊ တကယ့်ကိုလှ၍၊ အတော့်ကို ချစ်စရာကောင်းတဲ့ အချောမကလေးဟု မဆိုတဲ့သူက မဆိုသော်လည်း ဆိုတဲ့သူများမှာ အတော်များပြားလေ၏။ မသန်းသည် မညွန့်နှင့် ညီအစ်မတော်စပ်၍ မညွန့်တို့အိမ်နှင့် မျက်စောင်းထိုးအိမ်မှဖြစ်လေ၏။)

မောင်တင့်သည် အလုပ်အားတဲ့အချိန်တွင် မညွန့်တို့အိမ်မှာသာ အမြဲရှိ၍ အိမ်ရှေ့ခန်းပြတင်းပေါက်တွင်ထိုင်ကာ စာအုပ်ဖတ်ခြင်း၊ စောင်းတီးခြင်းဖြင့် အချိန်ကုန်လေ၏။ မသန်းသည် မညွန့်ထံသို့ နေ့တိုင်းလာ၍ စကားပြောကာ ဇာထိုးပန်းထိုးများကိုသင်လျက်နေလေ၏။ မသန်းလာတိုင်း မောင်တင့်သည် အိမ်ပေါ်မှာရှိတာက များလေ၏။ မသန်းသည် ထိုကဲ့သို့ မောင်တင့်ရှိနေမှန်းသိလေ အခေါ်ရလွတ် မညွန့်ထံ လာလေလေဖြစ်၍ လာတိုင်း

mgyoe.com

mgyoe.com

လာတိုင်း အိမ်ပေါ်ကိုရောက်လျှင်ရောက်ချင်း မောင်တင့်နှင့် မျက်နှာချင်း ဆုံပြီးမှသာ မညွန့်ကို သတိရ၏။ မောင်တင့်နှင့် မျက်စိချင်း စကားမပြော ရလျှင် မသန်းမှာ မနေတတ်၊ မထိုင်တတ် ဝမ်းနည်းသလိုလိုဖြစ်ကာ တစ်ခါ တစ်ရံ မသန်းလာလျှင် မောင်တင့်သည် လှည့်၍မကြည့်ဘဲ စာအုပ်ကိုသာ စိုက်၍ဖတ်နေသောအခါ၌ မသန်း၏စိတ်ထဲမှာ ဩော် ကိုတင့်ဟာ တကယ့် ကို မာနကြီးတဲ့လူပဲဟု အောက်မေ့ကာ စိတ်တိုချင်သလိုလို ဖြစ်၍လာလေ ၏။

မသန်းသည် မောင်တင့်အပေါ်တွင် အချစ်မျိုးစေ့ကလေးကို ချထား ရာ ထိုမျိုးစေ့ကလေးမှအညှောက်ပေါက်နေပြီးဖြစ်သည့်အတွက် မောင်တင့်၏ မေတ္တာရေ လောင်းခြင်းကို အတိုင်းမသိ အလိုရှိ၍ အချိန်ရှိတိုင်း မောင်တင့် ၏ အကြောင်းကိုသာ စဉ်းစားကာ မညွန့်အားလည်း စကားစပ်မိတိုင်း ပြော လေ၏။ မညွန့်ကလည်း မောင်တင့်အား အတိုင်းမသိသော စေတနာဖြင့် ချစ်ခင်သည့်အတွက် မသန်းပြောတိုင်း မောင်တင့်၏ ရိုးသားတည်ကြည် ကြောင်း၊ စိတ်သဘောကြီးကြောင်းကို ပြန်ပြောရာ မသန်းမှာ မညွန့်က မောင် တင့်အတွက် စီကာပတ်ကုံးပြောသောစကားများကို အတော်နားထောင် ကောင်း၍ မနည်းကြီး အရသာရှိသလိုလိုဖြစ်၍နေလေ၏။ သို့ပင်ဖြစ်သော် လည်း မောင်တင့်မှာ မသန်း၏အပေါ်တွင် ထူးခြားဖောက်ပြန်သည့်စိတ်မှာ လုံးလုံးမရှိသကဲ့သို့ မသန်းက ဆယ်ခါလောက်မေးမှ မောင်တင့်က တစ်ခါ လောက်သာ ပြော၍ မသန်းမှာ အစဉ်းစားကျပ်အောင်ရှိလေ၏။

မညွန့်မှာ ထိုကဲ့သို့ မသန်းက မောင်တင့်အား မေတ္တာရှိပုံနှင့်၊ မသန်း ၏ အချစ်စိတ်ဖယောင်းတွေ မောင်တင့်အပေါ်တွင် အရည်ပျော်၍ကျနေ သည်ကို မိန်းမချင်းလည်းဖြစ်ပြန်၊ မသန်းထက်လည်း အသက်ကြီးပြန်ဆို တော့ အတတ်သိ၊ အစင်းသိဖြစ်လေ၏။ မညွန့်တွင်မဟုတ် မောင်တင့်ကိုယ် တိုင်ကလည်း မိန်းမတို့၏ အချစ်ပရိယာယ်ကို ဒိုးဝေးသူမဟုတ်သည့် အတွက် အတတ်သိလေ၏။ သိသော်လည်း မောင်တင့်၏စိတ်သည်ကား ဘယ်အတွက်ဟုမသိ။ မသန်း၏အပေါ်၌ မရိုးသားသော အချစ်မျိုးနှင့်

mgyoe.com

mgyoe.com

ချစ်ဖို့ရန်ကို မဆိုထားနှင့် မသန်းအား နေ့တိုင်းမြင်နေရသည့်အတွက် ကြာလျှင် မသန်းက သည်ထက်သည် ကန်းတက်၍ချစ်ပြီးလျှင် မိမိကလည်း မတော်တဆ မသန်းအား စိတ်ဖောက်ပြန်၍ ချစ်မိမည်ကို စိုးရိမ်ကာ မသန်း၏ အကြောင်းကိုပင် စေ့စေ့မတွေးဘဲ ထိုကဲ့သို့ မသန်းက မိမိအားချစ်ပါလျက်နှင့် မိမိက မသန်းအား ပြန်၍ ဘာကြောင့်မချစ်ချင်သလဲဆိုတာ မောင်တင့် ကိုယ်တိုင်ပင် စဉ်းစား၍မရချေ။ သို့ဖြစ်လျှင် မောင်တင့်သည် မသန်းအား မုန်း၍လား၊ မသန်းအား လော်လည်သောမိန်းမကလေးဟုထင်၍လားဟုဆိုသော် မောင်တင့်သည် မသန်းအား မမုန်းကြောင်း သစ္စာဆိုရဲ၏။ လျှပ်ပေါ် လော်လည်သော မိန်းမစားထဲကမဟုတ်ဘဲ အဟုတ်ကို တည်ကြည်တဲ့ မိန်းမ ကလေးဖြစ်ကြောင်း ကောင်းကောင်းကြီးထောက်ခံနိုင်ပေ၏။ ထိုကဲ့သို့ အပြစ်တစ်စုံတစ်ရာမမြင်ဘဲနှင့် မိမိအား အမှန်ချစ်ရှာသော မသန်းအား မောင်တင့်မချစ်သည်မှာ မောင်တင့်၏အချစ်နှင့် မေတ္တာသည် အိပ်ပျော်နေ၍ ဘား၊ သို့မဟုတ် မည်သူ့ထံသို့ ရောက်နေပါသနည်းဟု တွေးထင်ရန် ရှိလေ ာည်မှာ မလွဲပေ။

## (အတွေးတော်)

မညွန့်သည် မောင်တင့်အား ချစ်သည်ခင်သည်ဆိုသည်မှာ သူလိုငါ လိုချစ်သော အပေါ်ရိုကအချစ်မျိုးမဟုတ်ဘဲ နေ့ရှိသရွေ့ မောင်တင့်အကြောင်း ကို တွေးတောကာ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် မောင်တင့်ကို သတိရ တတ်၏။ မောင်တင့်လာမည့်အချိန်တွင် အမှတ်တရ မျှော်တတ်၏။ တစ်ခါ တစ်ရံ မောင်တင့်မှာ တခြားကိစ္စများ၍နေသဖြင့် မညွန့်ထံသို့ မရောက်နိုင် အောင်ရှိသောအခါ မညွန့်၏စိတ်တွင် ဒီကနေ့ အတင့်ဘာပြုလို့ မလာ တာပါလိမ့်။ ငါလည်း သူစိတ်ဆိုးစရာ မပြောမိပါလား၊ ဘယ်ဆီများသွားပြီး အပျော်လွန်နေလေလဲပဲ။ ဘယ်အပျိုနောက်များလိုက်နေပါလိမ့်။ ကြည့်ပါဦး၊ တစ်နေ့လုံး မပေါ်လာဘူးဟု တစ်ယောက်တည်းတွေးတောကာ ဝမ်းနည်း

mgyoe.com

mgyoe.com

သလိုလို ဘာလိုလိုကြီးဖြစ်၍ သြော် အတင့်ဟာ ငါ့မောင်ကလေး ဖြစ်ပါတော့ဟု ဆုတောင်းမိလေ၏။ မောင်တင့်နှင့် တစ်စုံတစ်ရာ ဆွေမျိုး မတော်သည့်အတွက် အားငယ်၍ ဝမ်းနည်းမိလေ၏။ မောင်တင့်မှာ တစ် ရက်လောက် မပေါ်လာဘဲ နောက်တစ်ရက်စောစော အူယားဖားယားပေါက် လာသည့်အခါ၌ မညွန့်မှာ ဝမ်းနည်းသည့်မျက်နှာမျိုးနှင့်ကြည့်ကာ အတင့် မနေ့က တစ်နေ့လုံးမပေါ်လာဘူး ဘယ်သွားနေသလဲ၊ အညွန့်ဖြင့် ဖိနပ်သံ ကြားတိုင်း အတင့်လားလို့မှတ်မှတ်နေတာ၊ အတင့်လည်နေတာပေါ့လေ ဟုတ်လား။ ညကလည်း အတင့်လာမလားလို့ လက်ဖက်ရည်တွေ ဖျော်ပြီး စောင့်နေတာ ၉ နာရီထိုးလို့ အတင့်မလာတာနဲ့ အညွန့်လည်း ဝင်အိပ် လိုက်ကရော စသည်ဖြင့် ကရားမှ ရေလွှတ်သလိုပြောကာ မကျေနပ်သည့် မျက်နှာထားနှင့် ကြည့်ကာနေတတ်လေ၏။ ထိုအခါ၌ မောင်တင့်သည် မညွန့်၏မျက်နှာကိုကြည့်ကာ အို အတင့် ဘာကိစ္စနဲ့ ဘယ်သွားနေရလို့ပါ။ ညကလည်း လာမလို့လုပ်နေတုန်း ဘယ်သူက အတင်းခေါ်သွားလို့ ဘာလို့ ညာလို့ စသည်ဖြင့် ယုယစွာ ပြန်ပြောသောအခါ၌ မညွန့်မှာ ကျေနပ်၍ သွားရလေ၏။ ထိုကဲ့သို့ ကျေနပ်သည်ဆိုသော်လည်း မောင်တင့်နှင့် မိမိမှာ တစ်စုံတစ်ရာမတော်စပ်သည့်အတွက် တစ်နေ့နေ့တွင် မောင်တင့်မှာ အခြား နေရာများ၌ မိမိကဲ့သို့ ခင်မင်သူတွေ့ကာ မိမိအပေါ်တွင် အကြင်နာနည်း၍ မေ့သွားမည်လားဟု တွေးကာ အတော်ပင် ပူ၍မနေတတ်အောင်ရှိရကား အတင့်သည် ငါနှင့် ဆွေမျိုးတော်လျှင် ငါတစ်သက်လုံး အတင့်နှင့် ခင်၍ နေရမည်၊ ငါ့စကားကိုလည်း အတင့်နားထောင်မည်၊ ငါဘယ်လိုလုပ်ရမည် နည်းဟု စဉ်းစားကာ မောင်တင့်နှင့် မသန်းကို နေရာကျအောင် လုပ်ပေး ချင်သောစိတ်များ ပေါ်၍လာလေ၏။ မသန်းသည် အတင့်ကို အားကြီးချစ် တယ်၊ အတင့်ကိုလည်း ငါပြောရင် ဖြစ်မှာပဲ၊ အတင့်လာရင် ငါပြောပြမယ်ဟု ဆုံးဖြတ်မိလေ၏။

တစ်နေ့သ၌ မောင်တင့်သည် ထွေရာလေးပါးစဉ်းစားကာ ပြတင်း ပေါက်တွင် ထိုင်၍နေလေ၏။ မညွန့်သည် မောင်တင့်အနားတွင် လာ၍

mgyoe.com

mgyoe.com

ထိုင်ကာ အတင့်ဘာများ တွေးတောသလဲ၊ ပျင်းလို့လား၊ တင့် ဒီမယ်လေ အညွန့်တစ်ခုပြောမယ် နားထောင်မလားဟု ပြုံးစိစိကပ်၍ပြောလေ၏။

မောင်တင့်သည် မညွန့်၏မျက်နှာကိုကြည့်ကာ ရင်ထဲတွင် ထိတ်ခနဲ အေးခနဲဖြစ်၍ ဘာလဲအညွန့်ရဲ့၊ ဘာပြောမှာမို့လဲ ပြောပါ။ အညွန့်ပြောတာကို အတင့်ဘယ်တော့ ငြင်းဖူးလို့လဲဟုပြောကာ ဝမ်းထဲတွင် ဖိုလှိုက်ဖိုလှိုက် ဖြစ်နေလေ၏။

ညွန့်။ ။ 'အဟုတ်လား၊ အညွန့်ပြောမယ်နော်။ အတင့် မသန်းကို မကြိုက်ဘူးလား။ မသန်းကြည့်ရတာ အတင့်ကို အားကြီးချစ်ပုံရတယ်။ အတင့်နဲ့တော့ သိပ်တော်တာပဲ အတင့်ရဲ့။ ယူမလား အညွန့် ပြောပေးမယ်လေ'

မောင်တင့်သည် ဝမ်းထဲက ဟာ၍သွားလေ၏။ 'မလုပ်ပါနဲ့အညွန့်ရယ်၊ အတင့်တို့လိုဟာကို သူက ကြိုက်မှာမဟုတ်ပါဘူး'

ညွန့်။ ။ 'အို ဘာတဲ့။ အမယ်လေး မသန်းကလား၊ အတင့်ကို ကြိုက်လွန်းလို့ ရူးနေသေးတယ်။ မသန်းကတောင် အတင့်ဟာ လူပျိုဆိုပြီး အားကြီး ဣန္ဒြေကြီးတယ်တဲ့။ ဘုန်းကြီးများ လုပ်သွားမလားပဲတဲ့'

တင့်။ ။ 'အတယ်ဆိုဆို ဘာဆိုဆို အတင့်လည်း မိန်းမ မယူချင်ဘူး'

ညွန့်။ ။ 'ဒါဖြင့် အတင့် မသန်းကို မုန်းတယ်ဆိုပါတော့လေ ဟုတ်လား။ အင် အင်လို့'

တင့်။ ။ 'ချစ်ပါတယ် မမုန်းပါဘူး အညွန့်ရယ်။ အတင့်က ဘာပြုလို့မုန်းရမှာလဲ။ သူ့ကို မမုန်းပေမဲ့ အတင့်မယူချင်တာ ဘယ့်နှယ်လုပ်ရမလဲ'ဟု ဣန္ဒြေနှင့် ပြန်ပြောလိုက်သောအခါ မညွန့်မှာ အလိုမကျ ဝမ်းနည်းသော မျက်နှာထားဖြင့်၊ 'ဒါဖြင့် အတင့်က တခြားမှာ ရည်းစားရှိတယ်ဆိုပါတော့။ အညွန့်တို့နဲ့ ဆွေမျိုးမတော်ချင်ဘူးပေါ့လေ။ ဒီလိုဖြင့်လည်း အညွန့်တို့ကံပေါ့။ အညွန့်က အတင့်နဲ့ ဆွေမျိုးတော်ချင်လို့ ပြောတာပါ။ ဒီလိုဆိုရင် နောက် ဘယ်တော့မှ မပြောတော့ဘူး။ ခုဟာတောင် အညွန့်မှားလို့ ပြောမိတယ်ဆိုပြီး သိပ်ဝမ်းနည်းတာပဲ'ဟု မောင်တင့်၏ ပြောချင်သောစကားများ ကြားမညှပ်သာအောင် ဆက်၍ပြောကာ စိတ်နာသောမျက်လုံးဖြင့်

mgyoe.com

mgyoe.com

ကြည့်ကာ ထ၍သွားလေ၏။

မောင်တင့်သည် မိမိပြောမည့်စကားများကို နားမထောင်ဘဲ ထသွားသော မညွန့်ကိုကြည့်ကာ အများကြီး ဝမ်းနည်း၍သွားလေ၏။ ဟုတ်လည်း ဟုတ်ပါရဲ့လေ။ ငါ့ကိုကလည်း ငါပဲ။ အညွန့်က ငါ့ကို ချစ်ခင်လို့ ပြောနေတာ။ ငါ့စိတ်ကိုက ဒီမသန်းကို မချစ်တာ ဘာလဲ၊ မသန်းလည်း ချစ်စရာအကောင်းသားနဲ့။ အသားကလေးကလည်း ဖြူလို့၊ မျက်နှာထားကလည်း ချိုချိုကလေး။ လိမ္မာတာကလည်း လွန်လို့ ချစ်လိုက်ပါမယ်လေ။ ငါမကြိုက်ဘူးဆိုရင် အညွန့်လည်း ငါ့ကို မုန်းသွားမှာထင်ပါရဲ့။ ချစ်မယ်ချစ်မယ်ဟု စိတ်ကို ပြောင်းသော်လည်း အဟုတ်အမှန် ချစ်ခင်သော စေတနာ မေတ္တာစိတ်မှာ မောင်တင့်၏ နှလုံးရည်တွင် မပေါ်လာဘဲ ဝေတေတေကြီး ဖြစ်နေလေ၏။ ထိုကဲ့သို့ဖြစ်၍ မိမိက မသန်းအား မကြိုက်မချစ်ဘဲ မညွန့်စကားကို အတင်းငြင်းရမည်ဆိုပြန်လျှင်လည်း အညွန့်ဟာ ငါ့ကို အဟုတ်မုန်းတော့မည်၊ အညွန့်မုန်းလျှင် ငါဘယ်လိုလုပ်ရမည်နည်းဟု စဉ်းစားကာ မညွန့်မုန်းမည်ကို အကြောက်ကြီးကြောက်၍ ဝမ်းနည်းအားငယ်ကာ မညွန့်အလိုကိုလိုက်၍ မသန်းအား ချစ်ဖို့ရန်အတွက် စိတ်သောက ရှုပ်ပွေလာသဖြင့် အိမ်ပေါ်မှ ဆင်း၍ ပြန်ခဲ့လေ၏။

ထိုညတစ်ညလုံး မောင်တင့်သည် အိပ်၍မပျော်နိုင်ဘဲ မသန်းကို ချစ်ဖို့ရန်နှင့် မညွန့်အား မည်ကဲ့သို့ ပြန်ပြောရမည်ကို တွေးတောကာ စိတ်ကျပ်တည်း၍ ဒီအညွန့်ကလည်းဗျာ ဘာပြုလို့ သူ့မသန်းကို ကြိုက်စေချင်ရတာလဲမသိဘူး၊ ငါခုလို အေးအေးနေတာ သူမမြင်ချင်လို့ထင်ပါရဲ့။ ကိုင်းလေ ဘာဖြစ်ဖြစ် မသန်းလည်း အပြစ်ဆိုစရာရှိတာမှမဟုတ်ဘဲ၊ အညွန့်စိတ်ကျေနပ်အောင် ချစ်ပါတော့မယ်ဟု မျက်စိကို စုံမှိတ်ကာ မသန်း၏ ချစ်စရာကောင်းသောပုံသဏ္ဌာန်ကို မျက်စိထဲတွင် ဖန်ဆင်း၍ မျက်နှာကလေးက ဘယ်လို၊ ကိုယ်လုံးကလေးက ဘယ်ညာ၊ တင်သားကလေးက ဘယ်နည်း၊ ရင်သားကလေးက ဘယ့်နှယ်ဟု မိမိစိတ်ကို ချစ်အောင်လုပ်၍ ကြည့်လိုက်သောအခါ၌ မသန်း၏ရုပ်ပုံမှာ ထင်ရှားစွာ မပေါ်လာဘဲ ဖြူဖြူဖွေးဖွေး ဝဝ

mgyoe.com

mgyoe.com

တုတ်တုတ်ကလေးနေသော မိမိကို အတင့်အတင့်နဲ့ ခေါ်တဲ့ မညွန့်၏ နှုတ်ခမ်းနီကလေးနဲ့ မျက်နှာဝိုင်းကလေးသည် မသန်း၏ သဏ္ဌာန်ရှေ့တွင် လိပ်ပြာလို ပျံ့ဝဲကာ ဆီးကာ အထင်းသားပေါ်၍လာပြီးလျှင် မသန်း၏ သဏ္ဌာန်မှာ ပျောက်ခြင်းမလှပျောက်သွားလေရာ မောင်တင့်မှာ မိမိဟာမိမိ ဘာဖြစ်မှန်းမသိဘဲ အမောကြီးမောကာ အောင့်သက်သက်ကြီးဖြစ်၍နေလေ၏။

နောက်တစ်နေ့နံနက် လက်ဖက်ရည်သောက်ပြီးလျှင်ပြီးချင်း မောင်တင့်သည် မညွန့်ထံသို့ အရေးတကြီးလာခဲ့လေ၏။ မညွန့်နှင့် အိမ်ပေါ် ရောက်လျှင်ရောက်ချင်း မျက်နှာချင်းဆုံမိရာ အညွန့်ဘာလုပ်နေသလဲ၊ ဘယ်သွားမလို့လဲဟု စကားမရှိ ဘာပြောမိမှန်းမသိဘဲမေးလိုက်ရာ မညွန့်မှာ မျက်နှာကို တည်တည်ထား၍ အတင့်က အညွန့်ပြောတာနဲ့ စိတ်ဆိုးသွားသို့ အညွန့်ထွက်ပြေးတော့မလို့ဟု မခို့သောအသံဖြင့် ပြောလေရာ မောင်တင့် ၁ ဝမ်းနည်းသလိုလိုဖြစ်၍ အို အညွန့်ကလည်း ဒီလိုမပြောပါနဲ့၊ အတင့် ဘာပြုလို့ စိတ်ဆိုးရမှာလဲ။ အညွန့်ကို အတင့် ရှက်လို့ပါ။ အတင့် မသန်းကို ချစ်နေတာ ကြာလှပြီ။ အညွန့်ကများ စိတ်ဆိုးမလားဆိုပြီး အတင့်မပြောရဲလို့ အောင့်နေတာဟု ဝမ်းနည်းသံဖြင့် မှိတ်၍ပြောလိုက်ရာ မညွန့်မှာ အပြုံးကြီးပြုံး၍ သဘောကျ ကျေနပ်သော အခိုးအရှိန်များမှာ မျက်နှာတစ်ခုလုံးကို အုပ်ဖုံးလျက်သွားသော်လည်း မောင်တင့်စကားထဲတွင် အညွန့်ကများ စိတ်ဆိုးမလားလို့ဟုဆိုသောစကားအဓိပ္ပာယ်ကို အကျယ်တဝင့် အဓိပ္ပာယ် ပြန်ရန် ဦးနှောက်တည်းဟူသော စဉ်းစားခန်းထဲသို့ လုံခြုံစွာသွင်း၍ အညွန့် ဘာပြုလို့ စိတ်ဆိုးရမှာလဲ၊ အညွန့်ကတောင် သဘောတူသေးတာပဲဟု အားရစွာ ပြန်ပြောလေ၏။

သို့နှင့်ပင် မညွန့်မှာ ဘိလပ်မြို့တော်ကြီးနှင့် ရန်ကုန်မြို့ကြီးကို ကူးသန်းသော ကုန်သင်္ဘောကြီးလို မောင်တင့်၏ အချစ်ကုန်များကို မသန်းထံသို့ရောက်အောင် ပို့ခြင်း၊ မသန်း၏ကုန်များကို မောင်တင့်၏ နှလုံးသို့ထိအောင် ပို့ခြင်းဖြင့် မသန်းနှင့် မောင်တင့်မှာ တစ်နေ့ထက်တစ်နေ့ ရင်းနှီးကာ

mgyoe.com

mgyoe.com

အချစ်တည်းဟူသော အတွင်းမီး၏အလင်းရောင်သို့ ရောက်လာကြလေ၏။

မောင်တင့်သည် မူလပထမ၌ မသန်းအား မေတ္တာရှိသည်မှန်သော်လည်း မချစ်။ ကရုဏာရှိသည်မှန်သော်လည်း စေတနာမရှိသည်မှာ အမှန်ဖြစ်သော်လည်း ထိုကဲ့သို့ ရင်းနှီး၍ သမီးရည်းစားဘဝသို့ ရောက်လာသောအခါ၌ မောင်တင့်၏ အချစ်ရော မေတ္တာရော စေတနာရော ဝေဖြာသည့်စိတ်များသည် မသန်းတည်းဟူသော အာရုံငါးပါးတွင် ကျက်စားချင်သလိုလိုဖြစ်၍လာလေ၏။ မသန်း၏အကြောင်းကို တွေးတောရသည်မှာ အတော်အတန် အရသာရှိသလိုဖြစ်လာလေ၏။ မညွန့်ဆီကို ရောက်လျှင် မောင်တင့်၏မျက်စိများသည် မညွန့်အပြင် အခြားကြည့်လိုမြင်လိုသောအရာကို လိုက်၍ရှာပြီးလျှင် မသန်းကို မတွေ့မှ အညွန့် ဒီကနေ့ မသန်းလာသေးသလား။ မသန်းဘာပြုလို့ မလာသလဲ၊ မသန်း အတင့်ကို မေးသေးသလားဟု ပြုံးတူးပြုံတဲမေးသောအခါ၌ မညွန့်မှာ အဖြေကို ရုတ်တရက် မပေးဘဲ တွေ၍ငေးနေလေ၏။

တစ်ခါတစ်ရံ မောင်တင့်သည် မျက်နှာထားချိုချိုနှင့် အညွန့် အညွန့် ဒီကနေ့လေ အတင့်တိုက်ထဲမှာ ဘာလုံချည်ကလေး မြင်ခဲ့တယ်။ ဘာတဘက်ကလေး မြင်ခဲ့တယ်၊ မသန်းနဲ့ သိပ်တော်တာပဲ၊ အညွန့်သွားကြည့်ပြီး မသန်းဖို့ ဝယ်ပေးလိုက်စမ်းပါ။ အို သိပ်လှတာပဲ အညွန့်ရဲ့ဟု အားရဝမ်းသာပြောသောအခါ၌ မညွန့်မှာ မောင်တင့်၏မျက်နှာကိုကြည့်ကာ အင်းမလုပ်အဲမလုပ်ဘဲ တိတ်တိတ်ပုန်းဝမ်းထဲတွင်တွေးကာ လှရင်ဝယ်ပေးလိုက်လေ။ ကိုယ့်ဟာကိုယ် ဘာပြုလို့ သူများခိုင်းနေတာလဲဟု မအီမလည်သံဖြင့် ပြန်ပြောလေ၏။

မောင်တင့်မှာ မညွန့်၏ ပြောပုံကို စဉ်းစား၍မရဘဲရှိလေ၏။ ထိုအချိန်မှစ၍ မညွန့်မှာ ယခင်ကလို မောင်တင့်လာလျှင် ရွှင်လန်းသောစိတ်မရှိဘဲ ညှိုးငယ်လျက်သာ ရှိလေ၏။ မောင်တင့်အပေါ်တွင် ထားသော မေတ္တာစိတ်မှာလည်း အမျိုးမျိုးဖောက်ပြန်၍လာလေ၏။

တစ်ခုသော တနင်္ဂနွေနေ့၏ နေ့လယ် ၁၂နာရီလောက်တွင် မညွန့်

mgyoe.com

mgyoe.com

သည် ဒေါ်လှအားခေါ်၍ ဒေါ်လှ တော်တော်နေရင် အတင့်တို့ မသန်းတို့ လာကြလိမ့်မယ်။ ကျွန်မကိုမေးရင် ဘယ်သွားမှန်းမသိဘူး၊ ခပ်စောစောကပဲ ထွက်သွားတယ်လို့ ပြောလိုက်ဟု မှာထားပြီးနောက် မညွန့်သည် အိမ်ခန်း ထဲကိုဝင်၍ တံခါးကို လုံအောင်ပိတ်ပြီးလျှင် စောင်ကိုခေါင်းမြီးခြုံ၍ တစ် ယောက်တည်း ဘာပူမှန်းမသိ ပူ၍နေလေ၏။

ခဏကလေးကြာလျှင် မောင်တင့် ပေါက်လာလေ၏။ မောင်တင့် သည် မညွန့်ကို အိမ်ရှေ့တွင်ရှာ၍မတွေ့သဖြင့် နောက်ဖေးမီးဖိုဘက်သို့ လာ ပြီးလျှင် 'ဒေါ်လှဒေါ်လှ အညွန့်ဘယ်သွားသလဲ'ဟု မေးလေ၏။

ဒေါ်လှကလည်း 'မသိဘူးမောင်တင့်ရဲ့၊ မနက်စောစောကပဲ အဝတ် လဲပြီး ထွက်သွားတာပဲ' 'အို ဒေါ်လှကလည်း ဘယ်သွားမလဲလို့မှ မမေး လိုက်ဘူးလား' 'အေးကွယ် ဒေါ်လှကလည်း ဟိုနားတွင်ကလေးထင်တာနဲ့ မေးလိုက်မိဘူး' 'ဟိုက် ဗျာ'ဟုဆိုကာ မောင်တင့်သည် အိမ်ရှေ့သို့ထွက်ပြီး ျင် ကုလားထိုင်တစ်ခုပေါ်တွင် ငေး၍ထိုင်နေလေ၏။

မညွန့်သည် အခန်းထဲမှ ချောင်း၍ကြည့်နေလေရာ အတန်ကြာလျှင် မသန်းသည် ပျာယီးပျာယာပြေး၍ အိမ်ပေါ်သို့ရောက်လာလေ၏။ မသန်း သည် မောင်တင့်အား ကြည့်ကာပြုံးပြီးမှ 'ကိုတင့် မညွန့်ကော'ဟု မေးလေ ၏။ မောင်တင့်သည် မသန်းအား မချိုမချဉ်မျက်နှာထားနှင့်ကြည့်ပြီးမှ 'ဘာ လုပ်မလို့လဲ ကိုတင့်တစ်ယောက်လုံး ဒီမှာထိုင်နေတာမြင်လျက်သားနဲ့ အညွန့်ကို ဘာပြုလို့မေးတာလဲ၊ လာလေ ဒီကိုလာ'ဟုဆိုကာ မောင်တင့် သည် မသန်း၏လက်ကို ထ၍ဆွဲလေ၏။

မသန်းသည် နောက်သို့ဆုတ်ခနဲဆုတ်ကာ 'ဟင်း မညွန့်ရှိနေတယ် မဟုတ်လား၊ ဒေါ်လှကြီးမြင်သွားလိမ့်မယ်' 'လာပါသန်းရယ် အညွန့်လည်း မနက်ကတည်းက အဝတ်လဲပြီးထွက်သွားတယ်တဲ့။ ဒေါ်လှလည်း ခုပဲ ဈေး ထွက်သွားပြီ'ဟုဆိုကာ မသန်း၏ပခုံးကို ပွေ့၍ပြောလေ၏။ မညွန့်မှာ အိမ် ခန်းတွင်းမှ ချောင်း၍ကြည့်ရင်း ရင်ထဲမှ ဒိတ်ဒိတ်ဒိတ်ဒိတ်နှင့် တုန်၍တက် လာပြီးလျှင် မျက်စိတွေပြာ၍လာလေ၏။

mgyoe.com

mgyoe.com

မောင်တင့်သည် မသန်းအား ပွေ့ရင်း ဆိုဖာပေါ်သို့ တွဲ၍ထိုင်လိုက်လေ၏။ ဆိုဖာမှာ မသန်းနှင့် မောင်တင့်အား မခုခံနိုင်သည့်အတွက် ကျွိကျွိ မြည်၍သွားလေ၏။

ချောင်း၍ကြည့်နေသော မညွန့်၏အသည်းနှင့်နှလုံးမှာ ဆိုဖာမြည်သလို လိုက်၍မြည်လေ၏။ မောင်တင့်သည် မသန်းအား လည်ပင်းနှင့် ကိုယ်လုံးတစ်ခုလုံးကို တအားကျုံး၍ပွေ့ပြီးလျှင် 'မသန်းနဲ့ကိုတင့် ဒီလို တွေ့ကြပါစေဆိုပြီး အညွန့်က ရှောင်ပေးတာထင်ပါရဲ့နော်'ဟု မောင်တင့်က ပြော၍ မသန်း၏ နံ့သာဖြင့်ထုံ၍ထားသော ပါးအို့နီကလေးပေါ်သို့ မောင်တင့်၏နှာဝမှာ ပျစ်ပျစ်နစ်နစ်စူးဝင်၍သွားလေ၏။ မသန်းသည် မျက်လုံးကယ်ဆံကြောင်ကလေးနှင့်ကြည့်ကာ မောင်တင့်လည်ပင်းကို ဖက်၍ထားလိုက်လေ၏။ မညွန့်သည် မိမိချောင်းကြည့်သည့် အပေါက်သေးသေးလေးမှာ ဆန်ကောလောက်ကျယ်၍ သွားသည်ဟု ထင်မိလေ၏။ မျက်စိများမှာ မောင်တင့်နှင့် မသန်းသည် ကြောက်မက်ဖွယ်ကောင်းသော အရာကြီးကဲ့သို့ထင်လေ၏။ မောင်တင့်၏ ရင်ခွင်ကြားတွင် အချစ်တည်းဟူသော နတ်၏စည်းစိမ်ကိုခံစားကာ ပလီပလာ တီတီတာတာစကားများကို နှစ်ကိုယ်ကြား ပြောဆိုနေသော မသန်း၏အသံသည် မညွန့်၏ကိုယ်ကို မီးတုတ်ကြီးနှင့် မြှိုက်လိုက်သလို ရင်အုံတစ်ခုလုံးမှာ ယောက်ယက်ဆံခတ်သောင်းကျန်း၍ ပူပူနွေးနွေးကြီးဖြစ်ကာ နဂိုကမှ ဝ၍တုတ်တုတ်ခဲခဲကလေးနေသော ကိုယ်လုံးကလေးနှင့် အသားဆိုင်များမှာသာ၍ပင် တိုးတက်ပိုမိုတင်းမာ၍သွေးကြောကလေးများသည် ထောင်လာပြီးလျှင် ဖြူဖွေးသော မျက်နှာမှာ အလိုလိုနီးမြန်း၍လာပြီး မှိုင်းမှုန်ကာ ဝေ၍သွားလေ၏။

မညွန့်သည် မောင်တင့်ပြောသော (မသန်းကို အတင့်ချစ်တယ်ဆိုရင် အညွန့်ကများ စိတ်ဆိုးမလား)ဆိုတဲ့စကားကို သတိရ၍လာလေ၏။ အင်း ငါစိတ်ဆိုးမှာ သူကြောက်သတဲ့။ ဘာပြုလို့ ပြောတာပါလိမ့်။ မသန်းကို လည်း သူအစက မကြိုက်ဘူးတဲ့ ဘာပြုလို့ပါလိမ့်။ သူ ဘယ်သူ့ကို ချစ်နေလို့ပါလိမ့်။ ဟင်... သူက ငါ့ကိုများ .... လေလားပဲ။ ဟာ မဟုတ်ပါဘူး

mgyoe.com

mgyoe.com

ထင်ပါရဲ့လေ။ သူက ရိုးရိုးပါ။ ငါနဲ့မသန်း ဆွေမျိုးတော်လို့ပြောတာထင်ပါရဲ့ ဟု စိတ်ကိုပြင်သော်လည်း မိမိအား မညွန့်ဟူ၍ပင် ရင့်သီးစွာမခေါ်ရက်ဘဲ အညွန့်အညွန့်ဟုခေါ်ကာ ချိုအေးသာယာတဲ့စကားကိုသာ ယုယုယယပြော ဆိုပုံ၊ မိမိအလိုကို ဘာတစ်ခုမကျန်လိုက်၍ ကြင်နာပုံတွေကို ပြန်ပြီးတွေး လိုက်တော့ မောင်တင့်၏ ပြုံး၍ကြည်လင်သော မျက်နှာကလေးသည် မညွန့်၏ တောက်ပသောအချစ်မှန်ကြီးတွင် အရိပ်ထင်၍လာလေ၏။ မသန်း၏ အချစ်ရေယာဉ်ကြောတွင် မျောနစ်၍နေသော မောင်တင့်အား နမြော သလိုလို၊ မသန်းကို စိတ်ဆိုးချင်သလိုလို၊ မောင်တင့်ကိုပင် ဒေါသဖြစ်ချင် သလိုလို စိတ်များသည် ဆက်ကာဆက်ကာ ပေါ်၍လာလေ၏။ အတော် ကလေးကြာလျှင် ဒေါ်လှပြန်လာလေ၏။ မသန်းနှင့် မောင်တင့်တို့သည် ဣန္ဒြေလုပ်ကာ ဒေါ်လှအား နှုတ်ဆက်ပြီးနောက် မညွန့်ကိုမေး၍ မသန်းပြန် သွားလေ၏။ မောင်တင့်မှာ ဒေါ်လှအနီးသို့လာ၍ 'ဒေါ်လှ အညွန့်လည်း ခုထက်ထိ မလာသေးဘူး။ ကျွန်တော် သွားရှာလိုက်ဦးမယ်၊ ဘယ်ဘက်ကို သွားသလဲ ဒေါ်လှရဲ့' 'အို ... မင်းလိုက်ရှာလို့ တွေ့မှာမဟုတ်ဘူး။ သူ သူ့ သူငယ်ချင်းတွေအိမ် သွားလည်နေပြီထင်တယ်'ဟုပြောရာ 'ဒါဖြင့် အညွန့် လာရင် အတင့် ခုပဲပြန်သွားတယ်လို့ ပြောလိုက်နော်'ဟုဆိုကာ ဆင်း၍ သွားလေ၏။ မညွန့်၏စိတ်သည် မောင်တင့်ဆင်းသွားသည့်နောက်သို့ လိုက်၍သွားလေ၏။

မောင်တင့်ဆင်းသွားပြီးနောက် မညွန့်သည် စောင်ကို အညှိုးနှင့် ဆွဲ ၍ခြုံလေ၏။ မောင်တင့်နှင့် မသန်းတို့ ဆိုဖာပေါ်တွင် ဒရိုန်းပြသည့်ပုံသည် မျက်စိထဲက မထွက်ဘဲရှိလေ၏။ ယခင် မသန်းနှင့် မောင်တင့်တို့ကို ကုတ် ကုတ်ကပ်ကပ်နီးအောင်လုပ်ပေးစဉ်က ယခုလို တွေ့ကြုံရလိမ့်မည်ကို မစဉ်း စားမိသည့်အတွက် ဝမ်းအနည်းကြီး နည်းလေ၏။ ၎င်းပြင် ယခင်အချိန် များက အတင့်အိမ်ကိုလာလျှင် ငါမှတစ်ပါး ဘယ်သူ့ကိုမှ အရေးယူ၍ပြော စရာလူမရှိဘဲ အညွန့်ပျင်းသလား၊ အတင့်စာဖတ်ပြမယ်လေ အညွန့်ရဲ့။ အတင့်လက်ဖက်ရည်သောက်ချင်တယ်၊ အညွန့်ဘာစားချင်သလဲ အတင့်

mgyoe.com

mgyoe.com

သွားဝယ်ပေးမယ်လေ။ အညွန့်တို့ဖေဖေ စက်ရုံကပြန်လာတော့ အတင့်တို့ အလည်သွားစို့နော်' ဆိုတဲ့စကားကို ငါ ယခုမကြားရတော့ဘူး။ ခုများ အိမ်ပေါ်ရောက်လာရင် ငါ့ကိုတောင် မမြင်သလို ရှာလိုက်ရတဲ့ သူ့မသန်း၊ မေးလိုက်ရတဲ့ သူ့မသန်း၊ အတင့်ဟာ ငါ့ကို အရင်တုန်းကလို ဂရုစိုက်ဖို့ သတိမရတော့ဘူး။ အရင်တုန်းက ငါ့အပေါ်မှာ အရေးယူ၍ အလိုလိုက်တဲ့ဟာတွေဟာ မိသန်းဆီကို စုံကန်ပြီး ပြေးကုန်ပြီထင်ပါရဲ့။ ငါ့ကိုကလည်း မိုက်ပါတယ်။ အတင့်ဟာ အတင့်နေတာပဲ၊ ငါကိုက ဖြုံဟ်မွှေပြီး ချစ်လိုက်ပါ၊ ကြိုက်လိုက်ပါနဲ့ သွားပြီးနော့တာမှားလေခြင်းဟု များများကြီး စိတ်မချမ်းသာဖြစ်ရလေ၏။

ဒီမျှမကသေး ရှေ့လာမည့်အရေးကို ဆက်လက်၍ ပိုက်ဆံမပေးရတိုင်း တွေးချင်သလို တွေးကြည့်လိုက်ပြန်လျှင်လည်း အတင့်သည် ယခုအနေ၌ မသန်းနှင့် သမီးရည်းစားဘဝမျှသာရှိသေး၍ ငါ့အား ဆယ်ခါတွင် တစ်ခါလောက် သတိရသေး၏။ အလိုလိုက်သေး၏။ အတင့်နှင့် မသန်းသည် လူသိနတ်ကြား လင်မယားဟူသောဘဝသို့ ရောက်ကြသောအခါ၌ အတင့်သည် ငါ့အား လုံးလုံးသတိရတော့မည်မဟုတ်၊ သူ့မယားအနားက တစ်ဖဝါးမှ မခွာနိုင်ဘဲ တစ်မြူးတည်းမြူး၍ ငါ့အိမ်ကိုပင် လာတော့မည်မဟုတ်။ ပျင်းလျှင် သူ့မယားနှင့်အလည်သွားလိမ့်မယ်။ လက်ဖက်ရည်ဆာလျှင် သူ့မယားဆီမှာ မျက်နှာချိုသွေး၍ တောင်းလိမ့်မည်။ အရင်က အညွန့် အတင့် လက်ဖက်ရည်သောက်ချင်တယ်၊ မုန့်စားချင်တယ်ဆိုတဲ့ အတင့်၏ ချစ်စရာကောင်းတဲ့အသံကလေးဟာ မိရွှေသန်း၏နားထဲကို ပျားအုံကြီးဝင်စွဲသလို ချိုဆိမ့်၍ အရသာရှိတော့မည်။ ငါသည်ကား အတင့်ကို မျက်စိနဲ့ ကြည့်ရရုံပင် မနည်းကြိုးစားရတော့မည်။ မိသန်းဆိုတဲ့ ပြိတ္တာမကလည်း အလိုလိုက်တဲ့လင်ကလေးကိုရလို့ ဂုဏ်မောက်ပြီး ငါ့ကိုတောင် အဖက်လုပ်ပြီး စကားပြောမှာမဟုတ်ဘူး။ ငါအခုမှ ခက်တယ်။ ငါ့ရှုံးငါ့ပြန်ပတ်နေပြီ။ ငါဘယ့်နှယ်လုပ်၍ အတင့်တည်းဟူသော အချစ်ပန်းကို မိသန်းလက်မှ ယူ၍ ပန်ရပါမည်နည်း။ အင်း... ငါသည် အတင့်အား ဒီအကြောင်းကို အတိအ

mgyoe.com

mgyoe.com

လင်းပြောပြက အတင့်သည် ငါ့အား မိသန်းကိုချစ်သလိုမျိုး ချစ်မည်မဟုတ် သည့်ပြင် ခုပဲ စာကလေးကြော်၊ ခုပဲ ဆီထမင်း၊ တတ်လည်း တတ်နိုင်ရန် ကောဟုဆိုကာ ငါ့အားအထင်သေး၍ မုန်းရုံသာရှိတော့မည်။ ငါသည် အလွန် မိုက်သော အမိုက်ပါကလား။ ငါ့အတွေးခေါင်ပြီး ကမြင်းကြောဆွဲမိ တာ ခု ဘယ့်နှယ်ရှိစ။ ဟာ ဒီအတင့်ကိုကလည်းတော် ... ငါပြောတာနဲ့ပဲ ကြိုက်လိုက်တာပဲ။ တကယ်ဆို အတင့် မသန်းကို မကြိုက်ဘူးလို့ အတင်း ငြင်းပါလား။ ဒီလိုငြင်းရင် ဒါဖြင့် အတင့် မသန်းကိုမကြိုက်ရင် ဘယ်သူ့ကို ကြိုက်သလဲလို့ ငါမမေးရလား။ အဲဒီတော့မှ အညွန့်ရယ်၊ အတင့် အညွန့် ကိုပဲ ချစ်တယ်လို့ ရဲရဲကြီးပြောလိုက်ရင် ဘယ်လောက်ကောင်းတဲ့ စကား ကလေးလဲ။ ငါကလည်း စိတ်မဆိုးပါဘူးတော်။ ခုတော့ ခရီးလွန်ကုန်ပြီ။ မသန်း၏ အချစ်ပင်လယ်တွင် နစ်မြုပ်နေတဲ့ အတင့်တည်းဟူသော ပုလဲ ကုံးကို ငါ ဘယ်နည်းနဲ့မှ ဆယ်ယူ၍ ဝတ်ဆင်ရတော့မည်မဟုတ်ဟု စိတ်ပူ ဝမ်းနည်းကြေကွဲနောင်တ အရကြီးရ၍ မောင်တင့်အား သာ၍ပင် သတိရ ကာ မောင်တင့်လာမည့်အချိန်ကို မျှော်မိလေ၏။ အတင့် ငါ့ကိုများ လျှောက် ရှာနေမလားပဲ၊ ငါ့ကို ရှာမတွေ့တာနဲ့များ စိတ်တိုပြီး မလာဘဲများနေမလား ပဲ။ ခု ၄နာရီထိုးပြီ၊ အတင့်လာချိန်ကျပြီဟု အိမ်ခန်းထဲမှထွက်ကာ မောင် တင့်လာလျှင် ဘယ်သွားတယ်ပြောရမလဲပဲ၊ စကားမပြောဘဲ ဣန္ဒြေနဲ့ လုပ် နေရကောင်းမလား၊ အတင့် လက်ဖက်ရည်သောက်မလား၊ ကိုကိုးသောက် မလားလို့ ရိုရိုကလေး မေးရကောင်းမလား၊ မျက်ရည်ကလေး ကလယ် ကလယ်နဲ့ အပူသည်လုပ်နေရကောင်းမလား စသည်ဖြင့် အရူးလိုတွေး တောကာ မောင်တင့်အလာကိုသာ မျှော်၍နေရာလေသတည်း။

ညနေ ၄ နာရီခွဲလောက်တွင် မောင်တင့်သည် အဝတ်များလဲလှယ် ကာ ကြည်လင်ရွှင်လန်းသောမျက်နှာကို အလှခြယ်၍ မညွန့်ထံသို့ လျင်မြန် စွာ လာခဲ့လေ၏။

မညွန့်သည် အိမ်ရှေ့စားပွဲပေါ်ရှိ စာအုပ်တစ်ခုပေါ်တွင် မောင်တင့်၏ ခြေသံကို ကြားသည်နှင့်တစ်ပြိုင်နက် မျက်နှာကိုအပ်ကာ အိပ်ပျော်၍နေသတဲ့

mgyoe.com

mgyoe.com

သို့ မလှုပ်မယှက်ရှိလေ၏။

မောင်တင့်သည် မညွန့်အား နောက်မှနေ၍ကြည့်လိုက်ရာ လုံး၍ တင်းမာနေသော တင်ပါးသားမှာ ကုလားထိုင်ပေါ်တွင် အိစက်စက်ထင်ရှား၍ ကုန်းနေသဖြင့် ခုံး၍ထနေသော ခါးမှ လည်ကုတ်အထိ ကိုယ်လုံးကလေးမှာ နိမ့်ချီမြင့်ချီ ဖိုထိုးသလို လှုပ်ရှား၍နေသော မညွန့်အား မောင်တင့်သည် အနည်းငယ်စိုက်၍ကြည့်ပြီးမှ အနားသို့သွား၍ 'အညွန့် အညွန့် ဘာပြုလို့လဲ။ အညွန့် နေမကောင်းဘူးလား၊ အညွန့် မနက်က ဘယ်သွားနေသလဲ၊ အတင့်တောင် လိုက်ရှာသေးတယ်။ ဟင် ဟင်လို့ ဘယ်သွားတာလဲ'ဟု ဆက်၍ ရင်ခေါင်းထဲမှ ယိုစီး၍ကျလာသောအသံဖြင့် မေးလေ၏။

ညွန့်။ ။'အညွန့်ဘာမှမဖြစ်ပါဘူး။ နေ့လယ်က အညွန့် စက်ရုံကို ဖေဖေခေါ်လို့ လိုက်သွားနေတာ ခုပဲ ပြန်ရောက်လို့ အတင့်ကို မျှော်နေတာ။ အတင့်မလာနိုင်လို့'ဟု မျက်တောင်ကိုစင်း၍ကြည့်ကာ အားနွဲ့သောအသံဖြင့် ပြန်ပြောလေ၏။

မောင်တင့်သည် အတင့်ကို မျှော်နေတာ၊ အတင့်မလာနိုင်လို့ဆိုတဲ့ စကားဟာ ဘယ့်နှယ်အဓိပ္ပာယ်ပေါက်ပါလိမ့်မလဲ။ လူပြောတဲ့စကားတွေမှ ဟုတ်ပါရဲ့လား။ နတ်တွေများ စကားပြောတာ ဒီလိုဟာထင်ပါရဲ့ဟု ကြည်နူး၍စဉ်းစားသောမျက်လုံးဖြင့် မညွန့်၏ ဖြူးဖြန့်သော နဖူးမှစ၍ မို့မို့ကလေးနေသော ခြေဖမိုးဖြူဖြူကလေးတိုင်အောင် စေ့စေ့ကြည့်ကာ 'သြော် အတင့်လည်း အညွန့်ကို လျှောက်ရှာပြီး မတွေ့တာနဲ့ အိမ်ပြန်ပြီး အိပ်နေတာ။ နိုးနိုးချင်း အဝတ်လဲပြီး ပြေးလာတာပဲ'ဟု ကုလားထိုင်တစ်ခုကို ဆွဲ၍ထိုင်ရင်းပြောရာ မညွန့်မှာ မိမိ၏နားထဲသို့ သိကြားစက်ရုံကြီးနှင့် ကြခင်းကြီးဝင်သွားသလို ဗလုံးဗထွေးကြီး နားအရသာချို၍ ရင်ညွန့်တွင် ယားကျိကျိဖြစ်ကာ များများကြီး ကျေနပ်လျက် 'အနို့ အတင့်ထမင်းမစားခဲ့သေးဘူးပေါ့။ အညွန့်နဲ့ တူတူစားစို့နော်။ အညွန့် ဟင်းကောင်းကောင်းချက်ထားတယ်။ ဖေဖေလည်း လာခါနီးပြီ'ဟု မောင်တင့်၏ မျက်နှာကလေးကို ပြုံးပြုံးကလေးကြည့်၍ပြောကာ ထိုင်ရာမှထ၍ မီးဖိုခန်းသို့ ပြေးပြီးလျှင် 'ခေါ်လှ ထမင်းပွဲပြင်

mgyoe.com

mgyoe.com

တော့လေ၊ ဖေဖေလည်း လာခါနီးပြီ၊ အတင့်လည်း ဒီမှာ ထမင်းစားမယ်'ဟု ပြောကာ မိမိကိုယ်တိုင်လည်း မောင်တင့်စားမည်ဆိုသည်အတွက် စိတ်ရော ကိုယ်ပါ ပြင်ဆင်နေတုန်းပင် ဦးဘဦး စက်ရုံမှ ပြန်လာလေ၏။ မညွန့်နှင့် မောင်တင့်ပါ ဆီး၍ကြိုပြီးလျှင် 'ဖေဖေ ဖေဖေဘယ်မှာ ဝင်နေလို့လဲ။ အညွန့်တို့တောင် ထမင်းဆာလှပြီ၊ အတင့်လည်း ထမင်းစားမလို့ ဖေဖေ့ကို စောင့်နေတာ'ဟု ကလေးသဖွယ် ဖခင်၏ဖိနပ်ကိုချွတ်ပေးရင်း ပြောလေ၏။

ဦးဘဦးမှာလည်း သမီးကို စေ့စေ့ကြည့်ကာ ညှာတာသောအသံဖြင့် အေးကွယ် ဖေဖေ ဒီကနေ့ နည်းနည်းမိုးချုပ်နေတယ်။ စက်ထဲမှာ အလုပ် နည်းနည်းများနေလို့ မောင်တင့်လည်း ထမင်းစားမှာလား၊ အေးအေးဟု ပြောကာ ထမင်းများ စားသောက်ကြလေ၏။

ထမင်းပွဲတွင် မညွန့်မှာ မိမိစေတနာအစွမ်းရှိသလောက် မောင်တင့်၏ မြိန်ရှက်စွာ စားသောက်ပုံကိုကြည့်ကာ ငါ့နှယ် တစ်သက်လုံး ဒီလိုကြည့်နေ ချင်ပါဘိတော့ဟု စိတ်ထဲတွင် ဆုတောင်းမိလေ၏။

ထိုနေ့မှာ မောင်တင့်၏ မျက်နှာကို အတွေးဖြင့်ကြည့်ကာစားရသော မညွန့်မှာ ခါတိုင်းထက်ထူးသော ထမင်းဟင်းပါကလားဟုပင် ထင်မိ၍ အများကြီး ထမင်းမြိန်လေ၏။ ထိုကဲ့သို့ တွေးတောနေဆဲမှာပင် မသန်း၏ မျက်နှာသည် ထမင်းပွဲအလယ်တွင် ထင်ရှားစွာ ပေါ်၍လာလေရာ မညွန့်၏ ဝမ်းမြောက်ခြင်း၊ ကျေနပ်ခြင်းတည်းဟူသော ကြည်လင်သည့် စိတ်နှလုံး လမင်းကြီးမှာ ခက်ခဲခြင်း၊ ဝမ်းနည်းခြင်းတည်းဟူသော တိမ်ပုပ်တိမ်မည်း တို့၏အကြားတွင် ပျောက်ကွယ်၍သွားလေ၏။ မောင်တင့်ရှိတဲ့အချိန် မသန်း အိမ်ကိုလာမှာကိုပင် မမြင်နိုင် မကြည့်နိုင်အောင်ပင် ရှိလေ၏။ သို့ဖြစ်ရကား 'ဖေဖေဖေဖေ ထမင်းစားပြီးတော့လေ။ အညွန့်ရယ် အတင့်ရယ်၊ ဒေါ်လှရယ်၊ အလည်သွားမယ်နော် နော် ဖေဖေ' 'အေး အေးပါကွယ်။ မိုးချုပ်အောင် မနေကြနဲ့။ ဘယ်ဘက်သွားမှာလဲ' 'ကျွန်မတို့ ဟိုဘက်တောင်ခြေက ဇလပ် ဖြူတောဘက်ကို ပန်းချိုးရင်းသွားရမယ်ထင်တယ်။ ကောင်းတယ်နော် အတင့်၊ ဟိုဘက်မှာ လူတွေလည်းမရှိဘူး'ဟု မောင်တင့်အား မေးထိုး၍

mgyoe.com

mgyoe.com

အားရစွာပြောလေ၏။

လွမ်းစရာကောင်းသော တပို့တွဲလကုန်လောက်မှစ၍ တပေါင်းလ တစ်လလုံးလို ပင်လုံးညွတ်၊ ခိုင်လုံးညွတ်၊ ဆွတ်ဆွတ်ဖြူ တစ်ဖွေးတည်း ဖွေး၍ မွေးချင်တိုင်းမွှေးပြီးလျှင် တောင်လုံးကျွတ်၊ တောလုံးခြုံ အကုန်ပွင့်၍ နှစ်သက်စရာ၊ မြတ်နိုးစရာကောင်းလှသော တောင်ဇလပ်ဖြူများမှာ မောင်တင့် နဲ့ မညွန့်တို့ကို မျှော်နေသကဲ့သို့ လေယူရာသွေး၍နေကြလေ၏။

မောင်တင့်နှင့် မညွန့်မှာ ထမင်းစားသောက်ပြီးနောက် ဒေါ်လှကို ခေါ်၍ မြို့မြောက်ဘက်ရှိ တောင်ခြေသို့ လျှောက်၍လာခဲ့ကြလေ၏။ မညွန့် မှာ မောင်တင့်နှင့်အတူတွဲကာ ပျော်စရာကောင်းသော တောတောင်အတွင်း သို့ တဖြည်းဖြည်းရောက်လာခဲ့ရာ သြော် ခုလိုအခါများ တို့ကိုမသိတဲ့ လူတစ်ယောက်လောက်များလာမြင်ရင် အတင့်နဲ့ငါ့ကို အမှန်လင်မယားထင် မှာပဲဟု အတွေးနှင့် အရသာယူမိလေ၏။ တောတောင်၏ ကျက်သရေကို အမျိုးမျိုးဆောင်နေသည့်တောင်ခြေသို့ရောက်ပြီးနောက် တစ်ဖြူတည်းဖြူ၊ တစ်ဖွေးတည်းဖွေးနေသော ဇလပ်ဖြူခိုင်လုံးတွေကိုမြင်ရသော မောင်တင့်၏ စိတ်တွင် မသန်းကို များများကြီး သတိရ၍လာသဖြင့် 'အညွန့် မသန်းများ ရှာနေမလားပဲ အညွန့်ကိုး၊ မသန်းပါလာရင် သိပ်ပျော်မှာပဲနော်'ဟု မညွန့်ကို မကြည့်ဘဲပြောလေ၏။

မောင်တင့်ပြောလိုက်သည့်အသံမှာ မညွန့်၏ အူ၊ အသည်း၊ သရက် ရွက်၊ ကျောက်ကပ်အတွင်းသို့ အပ်သေးသေး ချွန်ချွန်ကလေးဝင်၍ စူးသလို အောင့်သက်သက်နာကျင်၍ အခံရခက်ကာ 'ဟင်... တယ်အမှတ်ရတယ် သူ့မသန်းကို အစက မကြိုက်ဘူးဆို၊ ခုတော့ဖြင့် သေတော့မလိုဘဲ အညွန့် နဲ့သွားရတာ မပျော်ဘူးပေါ့လေ အတင့်က' ဟု ပြုံးသော်လည်း မရွှင်သည့် အဓိပ္ပာယ်အများကြီးရှိသော မျက်လုံးပြူးကလေးဖြင့်ကြည့်ကာ ပြောလေ၏။

မောင်တင့်မှာ မညွန့်၏မျက်နှာကို လုံးလုံးမကြည့်ဘဲ ရယ်မောလျက် 'အရင်တုန်းကတော့ မချစ်ပေမဲ့ အခုတော့ ချစ်ရတာပေါ့ အညွန့်ရဲ့၊ အညွန့် က ချစ်ရမယ်ဆိုတာကိုး'

mgyoe.com

mgyoe.com

'ဒါဖြင့် အတင့်က မချစ်ဘဲနဲ့ အညွန့်က ခိုင်းလို့ချစ်ရတယ်ဆိုတာ ပေါ့လေ'

'ဒါပေါ့၊ အညွန့်က မသန်းကိုမကြိုက်ရင် အတင့်ကို စိတ်ဆိုးမှာစိုးတာ နဲ့ မချစ်ဘဲနဲ့ မှိတ်ပြီးကြိုက်လိုက်ရတာ ခုတော့ အပေါတ်ကို ချစ်သွားပြီ။ မသန်းနဲ့အတင့် လက်ထပ်ပြီးတော့ အခုလို ခဏခဏ လာလည်ရအောင် နော် အညွန့်'ဟု ပြောလေ၏။

မညွန့်မှာ တစ်စုံတစ်ရာမျှ ပြန်၍မပြောနိုင်ဘဲ (အတင့်နဲ့ မသန်းလက် ထပ်ပြီးတော့' ဆိုတဲ့ မောင်တင့်၏အသံသည် ကုလား ဆတ္တာသည်ရဲ့ သင်တုန်းဓားအသွားကဲ့သို့ဖြစ်၍ မညွန့်၏အသည်းနှလုံးကို အစိတ်စိတ် အမွှာမွှာဝင်၍လှီးလေ၏။ မညွန့်၏ဦးခေါင်းကို ဦးပဏ္ဏိစွကျောင်းက ကြေးစည်ထုတဲ့ ဧရာမတင်းပုတ်ကြီးနဲ့ တအားလွှဲပြီး နှက်လိုက်သလို မူးချာလည်၍ သွားလေ၏။ ဦးနှောက်တွေ ပေါက်ထွက်လာသကဲ့သို့ ကြီးစွာ သောဆင်းရဲကို ခံရလေ၏။ သို့သော်လည်း မောင်တင့်မှာ လုံးလုံး ဂရုမစိုက် သဖြင့် နည်းနည်းမှမရိပ်မိဘဲ မညွန့်ပြန်မပြောခြင်းမှာ ကျေနပ်သည့် အဓိပ္ပာယ် ဟု ယူဆကာ နေလေ၏။ ထိုအခိုက် 'အတင့် အတင့် ဟိုမှာ ဇလပ်ခက်ကြီး လှလိုက်တာ ခူးပေးစမ်းပါအတင့်ရဲ့'

ထိုအခါ မောင်တင့်သည် ဇလပ်ပင်ကိုနှိမ်၍ မညွန့်ညွှန်ပြသော ဇလပ် ခက်ကလေးကို လှမ်း၍ခူးကာ 'အညွန့် ပန်မလို့လား။ အို မွှေးလိုက်တာ အတင့်ပန်ပေးမယ်'

'အို အို မပန်နဲ့ ပေးဒီကို၊ ဒီပန်းဟာ အတင့်ခူးတာနော်။ ဒီပန်းကို အညွန့်ပန်ထိုက်သလား၊ မသန်းပန်ထိုက်သလားဆိုတာ မဲချပြီး အညွန့်နဲ့ ထိုက်မှ ပန်မယ်'

မောင်တင့်သည် အံ့ဩသော မျက်လုံးဖြင့် ပြုံး၍ကြည့်နေလေ၏။

'ဒီမှာကြည့်အတင့်၊ ဟောဒီလက်မက အညွန့်၊ ဟောဒီလက်သန်းက မသန်း၊ မှတ်ထားနော်'ဟု ဆိုကာ လက်သန်းနှင့် လက်မကလေးနှစ်ခုကို ထောင်၍ မနီးမဝေးတွင် ဘုရားလှူရန်ပန်းများကို အားရပါးရ ချိုးနေသော

mgyoe.com

mgyoe.com

ဒေါ်လှအား 'ဒေါ်လှ၊ ဒေါ်လှ လာစမ်းပါ ဒီကို မြန်မြန်လာစမ်းပါဆို'

'အောင်မယ်လေး၊ သူတို့များ ဘာအရေးကြီးနေမှန်းမသိပါဘူး။ ခေါ်လိုက်ရတာ အရေးတကြီး'ဟုဆို၍ ဒေါ်လှရောက်လာလျှင် 'ဟောဒီမှာ ဒေါ်လှ၊ အညွန့်လက်မနဲ့ လက်သန်းကလေးထောင်ထားတယ်။ ဒီနှစ်ခုဟာ ဒီပန်းကလေးကို ဘယ်သူပန်ထိုက်သလဲ။ ကြိုက်ရာဆွဲလိုက်။' ဒေါ်လှသည် မညွန့်အားကြည့်၍ 'ဘာဘာ ဘာလုပ်တာလဲ အညွန့်ရဲ့။ လက်မနဲ့ လက်သန်းက ပန်း ပန်ဦးမလို့တဲ့လား၊ ရှုပ်ပေကွယ်။ ဒီပန်းဟာလေ လက်မလည်း ပန်လို့မဖြစ်ဘူး၊ လက်သန်းလည်း ပန်လို့မဖြစ်ဘူး၊ ဒေါ်လှပန်မှဖြစ်တယ်။ ပေး' ဟုဆိုကာ မညွန့်လက်မှ ပန်းခက်ကလေးကို ဆတ်ခနဲဆွဲကာ ပြေးလေ၏။

'ဒေါ်လှနော် ဒေါ်လှ၊ ကြည့်စမ်းပါလား သူများအဟုတ်မေးနေတာ။ အညွန့် မိဋ္ဌာန်ထားတယ် ပေးပါ။ ကိုင်း ကြိုက်ရာကို ဆွဲပါ'

ဒေါ်လှသည် လက်မနှင့် လက်သန်းကို တစ်လှည့်စီကြည့်၍ ပြီးမှပြီးစေတော့ဟု

'ကိုင်း ... ဒါဖြင့်ဆွဲမယ်နော်။ လက်မနဲ့ လက်သန်း ဘယ်သူကအရင်းလဲ။ လက်မက အရင်းမဟုတ်လား။ ဟုတ်ရင် လက်မက အရင်ပန်ထိုက်တယ် ရော့' ဟု မညွန့်၏လက်မကလေးကို ဆတ်ခနဲဆွဲ၍ပြောကာ ထွက်သွားလေ၏။

ထိုအခါ မညွန့်မှာ အရှင်လတ်လတ်မှ နတ်ပြည်ရောက်သွားသလို လှိုက်လှိုက်လှဲလှဲဝမ်းသာ၍

'ဟော အညွန့်ပန်ထိုက်တယ်နော်အတင့်။ ရော့ ပန်ပေး။ ဒီပန်းဟာ အတင့်ရဲ့ ကိုယ်စားပဲနော်' ဟု ထူးဆန်းသော ပြုံးနည်းဖြင့် ပြုံး၍ပြောလေ၏။

မောင်တင့်သည် 'ဒီပန်းဟာ အတင့်ရဲ့ကိုယ်စား' ဆိုတဲ့ဟာဘာပါလိမ့် ဟင်း... ဟိုလိုဆိုလိုတာထင်ပါရဲ့၊ ညကျမှ တွေးလိုက်မယ်ကွာဟု ဆုံးဖြတ်၍ မညွန့်လက်မှပန်းကိုယူပြီးလျှင် မညွန့်၏လည်ပင်းကို ယုယစွာ ကိုင်၍ ပြောင်၍ချောနေသောဆံထုံးတွင် စိုက်၍ပေးလိုက်ရာ မညွန့်၏ ကျေနပ်ခြင်း

mgyoe.com

mgyoe.com

ပီတိလုံးကြီးသည် နှမ်းဆီသမုဒ္ဒရာကြီးထဲကို ပြင်းမိုရ်တောင်လောက်ရှိတဲ့ ဝွမ်းလုံးနုနုကြီးပစ်ထည့်လိုက်သလို မညွန့်၏ အသွေးအသား၊ ရိုးတွင်း ခြင်ဆီထိအောင် စိမ့်၍ ဝင်သွားလေသတည်း။

## ဦးဘဉီး၏အကြောင်း

မညွန့်တို့ဖေဖေ ဦးဘဉီးမှာ လွန်ခဲ့သည့် ဆယ်နှစ်ကျော်လောက်က ဆင်းရဲသော မောင်ဘဉီးဘဝဖြင့် အတော်ကို ဆင်းရဲခဲ့လေ၏။ မညွန့်တို့ အမေကပါခဲ့တဲ့ ပစ္စည်းဥစ္စာ တစ်သိန်းနီးပါးလောက်ဟာလည်း မောင်ဘဉီး အကြဲကြီးသလောက် ကံဆိုတဲ့အင်အားက နည်းနည်းမှမရှိလို့ တစ်နေ့တခြား ပျက်စီးခြင်းသို့ ရောက်ရ၏။ ထိုကဲ့သို့ပင် ပစ္စည်းဥစ္စာပျက်စီး၍ စားရေး နှင့် ဝတ်ရေးမှစ၍ ဒုက္ခတွေများကာ အလွန်တရာသိမ်ငယ်၍နေသော်လည်း မောင်ဘဉီးမှာ နည်းနည်းကလေးမှ ဣန္ဒြေမပျက်ဘဲ ယောကျ်ားတည်းဟူသော မာနကို ရှေ့ထားကာ ငါဒီအလုပ်လုပ်လို့ ယခုလိုပစ္စည်းတွေဆုံး၍ မွဲပြီ။ ဒီလောက်တောင်ရှိတဲ့ဟာ ငါဒီဘဝ ဘယ်အလုပ်မှမလုပ်ဘူး။ ဒီအလုပ်နဲ့ မွဲတာ ဒီအလုပ်နဲ့ သူဌေးဖြစ်တဲ့ဘဝကို မရောက်သမျှ ငါမနေဘူးဟု အံကြိတ်ကာ လုပ်မြဲတိုင်းဖြစ်သော သစ်အလုပ်ကိုပင် ကြံစည်ပြီး ကုတ်ကုတ် ကတ်ကတ်လုပ်ကိုင်၍ နေလေ၏။ ထိုအချိန်၌ မညွန့်မှာ ၉နှစ်၊ ၁၀နှစ် မရှိမဲ့ ရှိမဲ့နှင့် ညိုးငယ်စွာ ကျောင်းတွင် နေရရှာလေ၏။ ထိုကဲ့သို့ ဆင်းရဲနွံချာသော အချိန်တွင် မညွန့်အား မည်သူတစ်ဦးတစ်ယောက်မျှ အဖက်လုပ်သူ၊ အဖော် လုပ်သူဟူ၍မရှိ၊ အလေနတောဖြစ်ကာ ဘဉီးရဲ့သမီး မညွန့်ဆိုတဲ့ အဖိုးမတန် သောဘဝဖြင့် နေရလေ၏။ သို့ပင် မည်သူတစ်ဦးတစ်ယောက်က အရေးမယူ သော်လည်း မောင်တင့်မှာကား မညွန့်ကို မိမိ၏ အစ်မ နှမအရင်းလို ကျောင်း သွားချိန်တွင် မညွန့်အိမ်အထိ လာ၍ခေါ်ပြီးလျှင် ကျောင်းပြန်ချိန်တွင် အိမ် အရောက်လိုက်၍ပို့ပြီးမှ မိမိအိမ်သို့ ပြန်လေ၏။ ထိုအချိန်မှစ၍ ဦးဘဉီးမှာ မောင်တင့်အပေါ်တွင် သားအရင်းလိုချစ်ခင်လျက် မိမိသမီးအညွန့်ကို စောင့်

mgyoe.com

mgyoe.com

ရှောက်သည့်ကျေးဇူးကို အထူးတင်ကာနေခဲ့လေ၏။ ထိုကဲ့သို့ ငယ်ရွယ်စဉ်က အမေသေဆုံး၍ မိတဆိုးကလေးဖြစ်သော သမီးအညွန့်ကိုကြည့်ကာ ဦးဘဦး မှာ များစွာစိတ်မချမ်းသာနိုင်ဘဲ အသည်းကို မီးနဲ့မြှိုက်သလို 'သြော် ... ငါ့သမီးကလေး ကံဆိုးလေခြင်း'ဟု ယူကျုံးမရဖြစ်မိလေ၏။ သမီးကလေး လူမမယ် သူများနည်းတူ မဝတ်ရ၊ မစားရဘဲ သိမ်ငယ်စွာနေရသည်ကို ငါဘယ်လိုလုပ်၍ တာရှည်စွာကြည့်နေရမည်လဲ။ ငါချမ်းသာမှ ငါ့သမီး လူဖြစ်ကျိုးနပ်မည်။ ငါမချမ်းသာသရွေ့ ငါ့သမီးကို မည်သူမျှ အဖက် မလုပ်ဘဲ အားနည်းသူ မိန်းမသားကလေးကို သူများစော်ကားဖို့ရာဖြစ်တော့ မည်။ ငါချမ်းသာ အောင် ကြိုးစားမှဟု စိတ်ကိုတင်းကာ နေ့ရောညပါ ကြံစည်စိတ်ကူးလုပ် ကိုင်ခဲ့ရာ မညွန့်အသက်နှစ်ဆယ်သို့ရောက်သောအခါ၌ ဇလပ်ဖြူသစ်တော နှင့် သစ်စက်ပိုင် ဦးဘဦးဘဝသို့ ရောက်လာလေ၏။ ထိုကဲ့သို့ မိမိတစ်သက် သမီးမညွန့်၏တစ်သက်တွင် မပူမပင် စားသောက်နိုင် သောအခြေကိုရောက်ရှိသဖြင့် အတိုင်းမသိ ဝမ်းမြောက်နိုင်ဘဲ နေ့ရှိသရွေ့ အံ့သြကျပ်တည်းကာ စိတ်ကူး၍မရနိုင်အောင်ရှိလေ၏။ ဦးဘဦးသည် ထိုကဲ့သို့ ကြီးမားသော ဥစ္စာပစ္စည်းများကြောင့် မိမိသေသွားသည့်တိုင်အောင် သမီးကလေး မျက်နှာမငယ်ရမည်မှန်သော်လည်း ထိုကြီးကျယ်သော ပစ္စည်းဥစ္စာများကို သမီး မညွန့်မှာ ထိန်းသိမ်းအုပ်ချုပ်နိုင်မည်မဟုတ်သည့် အတွက် မိမိမသေခင် သမီးအပေါ်တွင် ကြင်နာစွာပေါင်းသင်း၍ မိမိသေသွား သည့်နောက် ကျန်ရစ်သော ပစ္စည်းများပါ အုပ်ထိန်းစောင့်ရှောက်နိုင်မည့်သူ ကို မညွန့်၏ အသက် ၁၇ နှစ်အရွယ်ကပင် တောင့်တကာနေသော်လည်း မညွန့် အသက် ၂၀ ရှိသည့် တိုင်အောင် မထူးခြားပဲနေသဖြင့် မောင်တင့်နှင့် မညွန့်အား တွေးမိတိုင်း အံ့သြမိလေ၏။ မောင်တင့်သည် ငယ်ငယ်ကတည်း က ကြင်နာစွာ ချစ်ခင် ယုယ၍ မညွန့်ကို စောင့်ရှောက်ခဲ့၏။ သမီးမညွန့်က လည်း မောင်တင့်အပေါ်တွင် အရေးတယူ မေတ္တာထားသည့်ပြင် မောင်တင့်မှာလည်း ယောကျ်ား ပီသ၍ အစစအရာရာ အားကိုးလောက်သူ ဖြစ်သည့်အတွက် မောင်တင့်နှင့် မညွန့်ကို နေချင်သလိုနေရန်၊ မောင်တင့်နှင့်

mgyoe.com

mgyoe.com


သွားလျှင် ဘယ်လမ်းကိုသွားသွား သမီးအား ကန့်ကွက်ခြင်းမရှိ ချောင်ချိစွာ ထား၍ အကဲကိုကြည့်ကာ မောင်တင့်ကလွဲလျှင် သမီးမညွန့်ကို မည်သူနှင့်မျှ လက်ထပ်၍မပေးဘူးဟု စိတ်ကိုဆုံးဖြတ်လျက် မောင်တင့်ကိုလည်းအမျိုးမျိုး စောင့်ရှောက်၍လာခဲ့ရာ မညွန့်အသက် ၂၀ ကျော် ၂၁နီးပါးရှိသည့် တိုင်အောင် မောင်တင့်နှင့် မညွန့်တို့၏ ချစ်ခင်သောမေတ္တာမှာ ရိုးသားသော ငါးရာနှစ်ဆယ်ရှစ်မှ ရှေ့သို့ မတိုးဘဲ ရပ်တန့်နေသည့်အတွက် ဆန်းပြားသော ထောင့်ငါးရာမေတ္တာမျိုးကို ရောက်စေလိုသော ဦးဘဦးမှာ များစွာပင် အကြံခက်၍ အံ့သြကာ နေရလေ၏။

ကြိုးချင်းထားလျက်မငြိဘဲ၊ အိုးချင်းထားလျက်မထိသော မောင်တင့် အား ယောက်ျားကောင်းပီသ၍ သစ္စာရှိပေသည်ဟု ချီးမွမ်းမိပေ၏။ ၎င်းပြင် မောင်တင့်တည်းဟူသော မီးရောင်တွင် နီးကပ်စွာနေသော သမီး မညွန့်တည်း ဟူသော ဖယောင်းတုံးမှာ ထိုမျှကြာမြင့်စွာအရည်မပျော်ဘဲ ပကတိသဘော မပြောင်းသည့်အတွက် အထူးပင် အံ့သြမိပေ၏။ တစ်ခါတစ်ရံ မိမိကပဲ အတိ အလင်း ဖွင့်၍ပြောကာ စိတ်အေးရအောင် ကြံစည်လိုက်ချင်သော်လည်း မညွန့်နှင့် မောင်တင့်မှာ မိမိသဘောအတိုင်း လိုက်လျောစွာ နှစ်ဦးစလုံး သဘောကျလျှင် ကောင်းလေစွ။ အကယ်၍ မိမိပြောတဲ့အတိုင်း တစ်ဦးဦး ကဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ သဘောမကျခဲ့ပါလျှင် မိတဆိုးသမီးကလေး နှင့် မောင်တင့်မှာ မိမိအပေါ်တွင် ရှက်နာဝမ်းနည်း၍ ပြောရက်လေခြင်းဟု အောက်မေ့ကာ တစ်ယောက်နှင့်တစ်ယောက် ကွဲကွာသွားမည်ကိုလည်း စိုးရိမ်သဖြင့် အောင့်အည်းကာနေခဲ့ရာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မောင်တင့်အပေါ်တွင် သမီးမညွန့်၏ တိတ်တိတ်ပုန်းမေတ္တာ ပြောင်းလွဲ၍ လာသောအချိန်သို့ ရောက်လေ၏။

## မှားလို့ပါ အညွန့်ရယ်

စာမေးပွဲပြီးသဖြင့် ကျောင်းပိတ်သောအချိန်တွင် ကျောင်းမှပြန်ခဲ့သော

mgyoe.com

mgyoe.com

ကောလိပ်ပြန် မြို့အုပ်သားမောင်စိန်သည် မညွန့်ထံသို့ စွတ်စွတ်ရွတ်ရွတ် ပေါ်လာလေ၏။ မညွန့်မှာ မည်သည့်အခါကမျှ မိမိအိမ်သို့ မလာဖူးသော မောင်စိန်အားကြည့်ကာ အစဉ်းစားခက်သော်လည်း အိမ်ရှင်၏ဝတ္တရားအတိုင်း ဧည့်ခံစကားပြောရလေ၏။ မောင်စိန်မှာ မညွန့်နှင့် သိရုံသာသိ၍ အကျွမ်းမဝင်သော်လည်း တစ်ခေါက်ကနှစ်ခေါက်လာပြီးသည်နောက် တစ်စတစ်စနှင့် မညွန့်မှာ ပြောရဲဆိုရဲ ရင်းရင်းနှီးနှီးဖြစ်၍လာလေ၏။ သို့နှင့်ပင် မောင်စိန်မှာ ဦးဘဦးရှိတဲ့အချိန်ရော၊ မရှိတဲ့အချိန်ရော မညွန့်တို့အိမ်ကိုလာ၍ စကားလက်ဆုံဝင်ကာနေကြလေ၏။

မောင်တင့်မှာကား မောင်စိန် မညွန့်ထံ လာစကတည်းက ဒီငတိကြီးဟာ ဘာလို့ဒီအိမ်ကို လာတာပါလိမ့်မလဲ၊ စက်သူဌေးသားမက်လုပ်ချင်လို့ အညွန့်ဆိုတဲ့ပန်းကို တုံးမခု၊ တိုင်မခုပဲ အိမ်အရောက် လာဆွတ်ချင်ပြီထင်တယ်ဟု စဉ်းစားကာ အကဲခတ်ပြီးလာခဲ့ရာ ထိုကဲ့သို့ မညွန့်နှင့် မောင်စိန် ရင်းရင်းနှီးနှီးနှင့် စကားပြော၍နေကြပုံကို မြင်ရသောအခါ၌ မောင်တင့်မှာ အင်း လက်စသတ်တော့ ကိုယ်တော်မြတ်က အညွန့်ကိုအဟုတ် နှစ်ပိဿာခွဲလုပ်နေတာပါကလား။ ချိန်လကွာ နှစ်ပိဿာခွဲမကလို့ သုံးပိဿာပဲချိန်ချိန် အညွန့်တင်မကလို့ သူ့အဖေပါချိန်ချိန် မင်းနဲ့အညွန့်နဲ့ စကြဝဠာကမ္ဘာတစ်သိန်းလောက် ဝေးပါသေးရဲ့ဟု အောက်မေ့ကာနေလာခဲ့ရာ မညွန့်နှင့်မောင်စိန်မှာ တစ်နေ့ထက်တစ်နေ့ကဲကဲပြီး မောင်တင့်၏စိတ်ကို မကျေနပ်စရာဖြစ်ကာ မညွန့်မှာ မောင်စိန်၏အပေါ်တွင် အရေးတယူဂရုစိုက်၍ တစ်ခါတစ်ရံ မောင်စိန်နှင့်စကားပြောနေလျှင် မိမိကို ဂရုမစိုက်နိုင်ဘဲ အရေးမယူသည့် မျက်နှာထားမျိုးနှင့်နေပုံများကို ခဏခဏတွေ့ကြုံရသောခါ၌ မောင်တင့်မှာ ရင်ထဲတွင် လေး၍ ကျပ်ကျပ်ကြီးဖြစ်ကာ အင်း ငါကသာ အညွန့်ကို အကောင်းလုပ်ပြီး ဟိုသတ္တဝါကိုသာ အပြစ်တင်နေပေတဲ့ ဒီအညွန့်ကိုကလည်း အလိုလေး သူ့တော်ကြီးလာပြီလားဆို ကိုစိန်တို့များ ဘယ်လိုက ဘယ်ညာလေး ဘာလေးနှင့် သူ့လင်ကျလို့။ တစ်ခါတလေ ငါနဲ့စကားပြောနေတုန်းများ သူ့လင်လာရင် ကပျာကယာထပြေးပြီး တိုးတိုးပြောလိုက်ရတာ

mgyoe.com

mgyoe.com

နဲ့၊ ကျယ်ကျယ်ပြောလိုက်ရတာနဲ့။ ငါ့များ ဖုတ်လေတဲ့ငါးပိ ရှိလေတယ် တောင် သဘောမထားဘူး။ ဟာ ဒီလူကိုကလည်း အလုပ်မရှိတိုင်း ဘာလို့ ခဏခဏလာရတာတဲ့လဲ။ ဝေတ်တာကျမသာလောင်းကြီးကလည်း ငါ့များ အသက်ရှိတယ်လို့မှ ထင်ပါလေလားပဲ။ အို အညွန့်ကိုက ပါနေလို့ပါလေ။ ငါမရှိတဲ့အချိန် သူတို့ ဘာပြောလို့ ဘာတွေလုပ်နေမှန်းမှမသိတာ။ ခုလောက်ရှိ ... အင်း ငါထင်သလိုများဖြစ်နေလေမလားမသိဟု အောက်မေ့ ကာ ကမ္ဘာမီးလောင်သလို မောင်တင့်မှာ ပူ၍ ဝမ်းထဲတွင် အူ အသည်းဟူ၍ လုံးလုံးမရှိတော့သလို ဝမ်းနည်း၍ ခြောက်ကပ်ကြီးဖြစ်သွားလေ၏။

မညွန့်မှာ မောင်တင့်၏ အကဲကို နည်းနည်းမှ မရိပ်မိသလို မောင်တင့် အား ဘာမှမပြောဘဲ မျက်နှာမှာ အတိုင်းမသိ ရွှင်လန်းဝမ်းမြောက်လျက် မောင်တင့်က 'အညွန့်၊ ကိုစိန်နဲ့ ဘာစကားတွေပြောကြတာလဲ' လို့ မေးသော အခါ ဟိုအကြောင်းသည်အကြောင်းစသည် ရမယ်ရှာ၍ပြောလိုက်လေ၏။ မောင်တင့်မှာ မညွန့်အတွက် စိတ်မကောင်းဖြစ်ကာ အိပ်ပျော်လျှင်လည်း မညွန့်မျက်နှာမှာ မပျောက်ဘဲ မိမိအနားတွင် ထိုင်နေသလိုလို မောင်စိန်လာ လို့ ထပြေးပြီး စကားပြောနေသလိုလို၊ မျက်စိထဲတွင် ထင်ယောင်လျက်။ အညွန့် အညွန့်၊ တယ်လိမ္မာတယ်၊ တယ်တော်ပါပေ့ဗျာ။ ငါ့ကိုတော့ မကြိုက်ပါဘူးဆိုလျက်သားနဲ့ သူ့မိသန်းနဲ့ အတင်းလျော့လိုက် လှဲလိုက်နှင့် အဓမ္မနားချတယ်။ ဒီအကောင်ကျတော့ သူများနဲ့မလျော့ပဲ ကိုယ့်အတွက် အတင်းလျော့ပြီး ငို့ဘာလုပ်နေတာ ကောင်းနိုင်ပါ့မလား။ ခုလောက်ရှိရင် သူ့ကိုယ်မှာရှိတဲ့ အဆီအသားတွေဟာ မောင်စိန်ရဲ့ အကြွင်းအကျန်ဖြစ်ပြီး ခွေးစော်နံနေပြီလားပဲ။ အညွန့်ရယ် ဒီမြို့အုပ်သားကိုမှ ကြိုက်စရာရှိသလား။ ဟာ– ငါကိုကလည်း မိသန်းကိုမကြိုက်ဘဲနဲ့ သူ့စကားကို နားထောင်တာ မှားတာပဲ။ ငါ မိသန်းကိုမကြိုက်ပဲ ခုနေအခါ ငါအတင်းပြောရင် သူ ဟိုကောင်ဘက် လိုက်မှာမဟုတ်ဘူး။ ငါကိုက မှားတာ၊ တန်တန် ဒီမိသန်း အကြောင်းဆို၍ သေတောင်မပြောတော့ဘူး။ ဟိုတောင်ဇလပ်တောထဲတုန်း ကလည်း ငါကသာ အူနေလို့။ 'ဒီပန်းဟာ အတင့်ကိုယ်စားပဲနော်'ဆိုတာ

mgyoe.com

mgyoe.com

ဘာပြုလို့ပြောတာလဲ။ ငါ့ကိုသူ ... ရင် ဘာပြုလို့ ပြောမှာလဲဟု တွေးတော ကာနှင့်ပင် အချိန်ကုန်လေ၏။ အလကားနေရင်း မသန်းကို ဒေါသထွက်၍ မုန်းစိတ်များပေါ်လာလေ၏။ မည်သည့်အချိန်မဆို မောင်စိန်နှင့် မညွန့် စကားပြောနေသောပုံသည် မျက်စိထဲကမထွက်ဘဲ နိမိတ်ထင်၍နေသဖြင့် မောင်တင့်သည် ထိုနေ့၌ ဘာလုပ်ရမည်ပင်မသိ။ စားဖို့ရာတောင်သတိမရ နိုင်ပဲ မညွန့်ထံသို့သွားရန်လောက်သာ အမှန်ရ၍ သွားပြန်လျှင်လည်း ဟိုအကောင်ရောက်နေပြီလား၊ ဘာများလုပ်နေကြမလဲပဲ၊ တာဝတိံသာ ရောက်ပြီး နတ်စည်းစိမ်များ ခံစားနေကြမလားပဲဟုတွေးတောကာ မနေနိုင် အောင်ဖြစ်လာသဖြင့် ရင်တထိတ်ထိတ်နှင့် 'ဘုရားမလို့ဗျာ၊ မတော်မတဲ့တာ တွေများ မမြင်ပါရစေနဲ့'ဟု ဆုတောင်းကာ ဆင်း၍လာခဲ့လေ၏။ မညွန့်ထံ ရောက်သောအခါ၌ မိမိထင်သလို မောင်စိန်နှင့် နှစ်ပါးသွားနေသည်ကို မတွေ့ ဘဲ မညွန့်တစ်ယောက်တည်း ထိုင်၍ဆေးနေသည်ကို တွေ့ရလေ၏။ မောင်တင့်သည် မညွန့်အား ဝမ်းနည်းချိနဲ့သောမျက်လုံးဖြင့်ကြည့်ကာ ဘာမှ မပြောပဲ ထိုင်မလို ထမလိုလုပ်နေလေ၏။ မညွန့်မှာ မောင်တင့်ကိုမြင်လျှင်

'ဩော် ... အတင့်၊ ဒီကနေ့ ရုံးမသွားဘူးလား'

မောင်တင့်သည် 'မသွားဘူး'ဟု တိုတိုကြီးပြော၍ ကုလားထိုင်တစ်ခု တွင် ထိုင်လေ၏။ မညွန့်မှာ မျက်လုံးပြူး၍ 'အို အတင့် ဘာဖြစ်လို့လဲ။ နေမကောင်းလို့လား၊ ဟုတ်လားအတင့်' မောင်တင့်သည် သက်ပြင်းကြီး ရှည်ရှည်ကြီးချ၍ 'ကောင်းတယ် ကောင်းတယ်။ ဘာမှမဖြစ်ဘူး။ နေလည်း မဆိုးဘူး မသွားချင်လို့။ အညွန့်က တယ်သွားစေချင်တယ်ပေါ့လေ'

'အို အတင့် ဘာဖြစ်လာသလဲ။ အရက်သောက်ခဲ့သလား။ အညွန့်က အတင့်သွားနေကျအချိန်မသွားလို့မေးတာပါ'

'အေးလေ။ မသွားချင်လို့မသွားဘူးဆို ပြီးရောမဟုတ်လား အညွန့် ရဲ့။ ဘာမေးနေစရာရှိသလဲ'

မညွန့်သည် မောင်တင့်အားကြည့်ကာ မိမိအား မည်သည့်အခါကမျှ ဒီလိုမပြောခဲ့ဖူးဘဲနှင့် ခုမှ ဘာဖြစ်လို့ ဒီလိုပြောပါလိမ့်ဟု ဝမ်းနည်း၍လာသ

mgyoe.com

mgyoe.com

ဖြင့် အနားသို့သွား၍ 'ဘာ ဘာဖြစ်လို့လဲ အတင့်ရဲ့။ အညွန့်ကို ကောင်းကောင်းပြောစမ်းပါ။ မသန်းက ဘာများပြောလို့လဲ။ အတင့်တို့ဖေဖေက ဆူလို့လား'

'အို ... အညွန့်ကလည်းဗျာ အတင့်ကို မသန်းက ဘာပြောတော့ကော ဘာအရေးစိုက်စရာရှိသလဲ။ အညွန့် အတင့်ကိုချစ်ရင် မသန်းအကြောင်း ဘယ်တော့မှမပြောပါနဲ့။ အတင့်မကြိုက်ဘူးလို့ အစကတည်းက မပြောဘူးလား။ အညွန့် ဒီလို မသန်းအကြောင်းပြောတာ အတင့် အများကြီးဝမ်းနည်းတယ်ဟု တုန်ချည့်သောအသံဖြင့်ပြောကာ တိတ်၍နေလေ၏။

မညွန့်မှာမူကား အိပ်မက်မက်သလိုဖြစ်ကာ သူဘာဖြစ်လာတာလဲပဲ ဟု အံ့သြမိသော်လည်း မသန်းအကြောင်းကို မပြောနဲ့ဆိုသည်အတွက် ဝမ်းသလိုလိုဖြစ်ကာ မောင်တင့်၏မျက်နှာကို သေချာစွာစိုက်၍ကြည့်နေရာ ဘင်တင့်၏ကိုယ်မှထွက်သော ကိုယ်ငွေ့အနံ့ကလေးသည် မောင်တင့်၏ မျက်နှာကို အရသာယူ၍ကြည့်နေသော မညွန့်၏စိတ်နှလုံးကို အရည်ပျော်၍ ကြည်နူးနှစ်သိမ့်၊ တစိမ့်စိမ့် ပီတိဖြစ်စေ၏။ မောင်တင့်မှာလည်း မိမိအနားတွင်ထိုင်ကာ ကြည့်နေသော မညွန့်၏ ဖြူဖွေးစိုပြေသော ပါးအို့ပေါ်မှ လွန့်၍ ထွက်လာသော သနပ်ခါးကရမက်အမွှေးနံ့များသည် မောင်တင့်၏ နှလုံးရည်အထိ တိုးဝင်ကာ အသက်ရှူများ မှားမတတ် အချစ်သွေးမွှန်၍ ရုတ်တရက် မညွန့်၏မျက်နှာကို လှည့်ကြည့်လိုက်ရာ ဝမ်းနည်းခြင်း၊ ညှိုးငယ်ခြင်း၊ သနားခြင်းမျက်လုံးဖြင့် မလှုပ်မယှက် မိမိအား စိမ့်စိမ့်ကြည့်နေသည့်အတွက် မောင်တင့်မှာ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်ကာ အကြောအခြင်တွေ တွန့်၍ ကမ္ဘာမြေကြီးမှာ ဇောက်ထိုးမိုးမျှော်ဖြစ်သွားသည်ထင်မိလေ၏။ ထိုအခိုက် လှေကားမှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ မောင်စိန်ရောက်လာလေ၏။ မညွန့်သည် ရုတ်တရက် မျက်နှာထားပြောင်းကာ 'သြော် ... ကိုစိန်လာပြီလား။ လာလေ၊ ထိုင်လေ' ဟုဆိုကာ နေရာဖယ်၍ပေးလေ၏။

မောင်တင့်သည် မညွန့်နှင့် မောင်စိန်၏ မျက်နှာကို တစ်လှည့်စီကြည့်လေ၏။ မောင်စိန်သည် မျက်နှာထားချိုချိုနှင့် 'ဟော့ မောင်တင့်၊ မင်း ဒီကနေ့

mgyoe.com

mgyoe.com

ရုံးမသွားဘူးလား’ဟု အော်ကြီးအော်ကျယ်မေးလေ၏။ မောင်တင့်သည် ‘ငါသွားရင် ခင်းတို့ မလိုင်ပေါက်ဆီနဲ့ နံသပု ငှက်ပျောသီးစားချင်ပြီ ထင်တယ်’ဟု အောက်မေ့၍ ရင်ထဲတွင် စစ်စစ်စစ်စစ်နှင့် ပိုးထိုးသလိုဖြစ်လာပြီးလျှင် ‘အို ကျုပ်ဟာကျုပ် သွားချင်သွား မသွားချင်နေမယ်၊ ခင်ဗျား မေးစရာလားဟု ပြော၍ ထိုင်ရာမှထပြီးလျှင် အိမ်ပေါ်မှ ဆင်း၍ပြန်ခဲ့လေ၏။

မညွန့်မှာ ဝမ်းနည်းသောမျက်လုံးဖြင့်ကြည့်ကာ မောင်စိန်မှာ အံ့သြ၍ အံ့အားသင့်ကာ ကျန်ရစ်လေ၏။

မောင်တင့်သည် အိမ်ကိုရောက်လို့ရောက်မှန်းမသိ။ အိပ်ရာပေါ်တွင် ပစ်လှဲကာ အရိုးတွေဆွေး၍ အသားတွေအရည်ဖြစ်ကုန်သည်ဟု ထင်လေ၏။ ‘မသာရုပ် ... မသား ငါ့များ မျက်နှာချိုသွေးပြီး အလုပ်မသွားဘူးလား လေး ဘာလေးနဲ့ ဘာဆိုင်သလိုပဲ။ သူက သူ့ကိုယ်သူ သူဌေးသားမက်၊ အညွန့်ရဲ့ လင်လောင်းလို့ဆိုပြီး ဂိုက်ထွားနေလိုက်တာ။ ဒီမိန်းမညွန့်ကလည်း သူ့လင်လာတာမြင်တာနဲ့ မျက်နှာထားတွေချိုပြီး လာပါလေး၊ ထိုင်ပါလေးနဲ့ ဗလုံထနေလိုက်တာ ငါ့များမှ အားမနာဘူး။ တကယ်ဆိုဗျာ မနေ့တစ်နေ့ကမှ ရောက်လာတဲ့လူပဲ ခပ်တန်းတန်းနေပါဦးတော့။ ခုတော့ ‘ငစိန်အရောဝင်၊ မညွန့် ... မျက်နှာ ကြက်ချေးတက်ယို’ ကျနေပြီကော။ သူကိုက အကြောဆွဲနေတာပဲ။ ဟိုပြိတ္တာ ကန်းမတက်ပဲနေပါ့မလား။ ငါလည်း တော်တော်ရူးတဲ့အကောင်ပဲ။ သူများလက်ထဲ ဝကွက်ပြီးအပ်ထားတဲ့အခါကျမှ အချစ်ရူးပေါ်ပြီး သေတော့မလိုဖြစ်နေတာ။ မင်းအပြစ် မင်းခံကွာ။ ခုတော့မှ မင်းဘယ်လိုပဲအသနားခံပြီးနေဦးတော့ ‘ငစိန်ကိုတဲ့တလယ်လယ် ကပွိယံကရောဟိ’ ဖြစ်နေမှာပဲ။ သြော် ငါငါ အတော်ကိုမိုက်တဲ့ငါ။ အညွန့်ဟာ ငါနဲ့ ငယ်ငယ်ကတည်းက တစ်နေ့မှမခွဲဘဲ အတူတူနေခဲ့လျက်သားနဲ့ ဟိုအချိန်တွေတုန်းက ယခုလို သေမင်းငင်တဲ့အချစ်စိတ်တွေဟာ ဘယ်သချိုင်းသွားပြီး အိပ်ပျော်နေကြသလဲ။ ငါမိုက်လို့ဖြစ်တာပဲ။ ငါသာ စောစောကတည်းကသိလို့ အညွန့်ကိုဖွင့်ပြောလိုက်ရင် အညွန့်ဟာ စိတ်မဆိုးတဲ့အပြင် ဝမ်းတောင်သာဦးမှာ။ ငါဟာ တောထဲက သမင်၊ ဒရယ် တိရစ္ဆာန်နဲ့ အတူတူ

mgyoe.com

mgyoe.com

ပဲ။ အညွန့်ဆိုတဲ့ ပတ္တမြားကို လက်ပူးလက်ကြပ်ရပါလျက်နဲ့ မကောက်ယူမိတာ မှားလေခြင်း’ဟု ယူကျုံးမရဖြစ်ပြီးလျှင် မညွန့်၏မျက်နှာမှာ အပြောင်တိုက်သလို မျက်စိထဲတွင် မြင်လာပြန်သဖြင့် ‘အင်း ဒီလောက်ရှိ သူတို့ဘာပြောလို့ ဘာလုပ်ကြမလဲမသိဘူး။ ငါခုလိုဆင်းပြီး ပြန်လာတာ။ သူတို့စိတ်ထဲမှာ ဖိုးကျိုင်းတုတ်ဖြစ်ပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင်နေလိမ့်မယ်။နောက်ပြီး ငစိန်ဆိုတဲ့သေနာအိုးက အရိယာမှမဟုတ်ပဲ။ ခုလို ဘယ်သူမှမရှိတဲ့အချိန် နှစ်ယောက်တည်းနေရတော့ အညွန့်ရဲ့ ချစ်စရာကောင်းတဲ့မျက်နှာဖြူဖြူကလေးကို လိုင်စင်မပေးရတိုင်း နင်းကန်ပြီး တစိမ့် စိမ့်ကြည့်။ တော်တော်ကြာတော့ မနေနိုင်အောင်ဖြစ်လာရော။ ဒီတော့ အညွန့်လက်ာလေးကို အသာသွားဆွဲပြီး ညှစ်လိုက်၊ အဲဒီတော့ အညွန့်ဆိုတဲ့ အမူအိုးကက်လုံးကလေး ကလယ်ကလယ်နဲ့ မျက်တောင်တွေစင်း ... အကြောတွေတင်ပြီး ချမ်းတစိမ့်စိမ့် တုန်ချည့်တုန်ချည့်ဖြစ်ပြီး သွားလေးစိနေလိမ့်မယ်။ ဒီတော့ ငစိန်က ‘ညွန့် ချမ်းနေသလား။ ဟိုက် အဖျားတက်တယ်ထင်တယ်။ အို တစ်ကိုယ်လုံးတုန်လို့။ လာ ဒီမှာ လေတိုက်တယ်။ အိပ်ရာထဲမှာ စောင်ခြုံနေ’ ဆိုပြီး အညွန့်အိပ်တဲ့ မွေ့ရာကြီးပေါ် ပွေ့ပြီး ယူသွားလိမ့် မယ်။ မွေ့ရာပေါ်ရောက်တော့ အညွန့်ကိုချထားပြီး လေဝင်မှာစိုးတယ်လို့ အခန်းတံခါးကို ခွေးမသား ပြေးပိတ်လိမ့်မယ်။ နောက်ပြီး အညွန့်က ‘ကိုစိန်ရဲ့ အဖျားတော်တော်ကြီးတယ်ထင်တယ်။ ကျွန်မ ကြောက်လိုက်တာလို့ ရင်ထဲက ခွေ့ပြီးထွက်သွားတဲ့အသံကလေးသဲ့သဲ့ကလေးနဲ့ ပြောလိုက်မယ်။ ပြောရင် ဟိုအလောင်းကောင်က ‘ဟာ အဖျား တယ်မကြီးပါဘူးထင်ပါရဲ့။ ကြီးလား မကြီးလားသိရအောင် ကိုစိန်ဆီမှာ ပြဒါးတိုင်ပါတယ် စမ်းကြည့်ရအောင်’ ဆိုပြီး အညွန့်ရဲ့ ဆာလောင်မွတ်သိပ်ပြီး နီထွေးထွေး မပွင့်တပွင့်ခံတွင်းထဲကို ပြဒါးတိုင်စိုက်၍ ကြည့်လိမ့်မယ်။ ကြည့်ရင် အညွန့်ဆိုတဲ့ အညွန့်က အဖျားကြီးလား၊ မကြီးလားသိချင်ဇောနဲ့ ငစိန်ရဲ့ ပြဒါးတိုင်ကို စဉ်းစားပြီး ငြိမ်ငြိမ်ကလေးငုံ၍ထားလိမ့်မယ်။ တစ်အောင့်လောက်ကြာတော့ ငစိန်က ပြဒါးတိုင်ကို နုတ်ကြည့်ပြီး ‘အို အဖျားမကြီးလှပါဘူး’

mgyoe.com

mgyoe.com

လို့ ကရောသောပါးနဲ့ပြောမှ အညွန့်မှာ တဖြည်းဖြည်း အချမ်းကျပြီး အမောပြေသွားလိမ့်မယ်'ဟု တွေးချင်ရာလျှောက်တွေးပြီးလျှင် မောင်တင့်မှာ မနေနိုင် မထိုင်နိုင် မျောက်ဖင် စားရှထားသလိုဖြစ်၍ မောင်စိန်အား ထင်းပေါက်သလို ပုဆိန်နှင့်ပြေး၍ပေါက်ချင်လေ၏။ တစ်ကမ္ဘာလုံး မီးနဲ့တိုက်ပစ်ရလျှင် ကောင်းမလားဟု စိတ်ကူးကာ အနီးရှိ စားပွဲကုလားထိုင်တို့ကို ခြေနှင့် ပိတ်ကန်လေ၏။ မိမိထင်သလိုဟုတ်မဟုတ် သိရအောင် တစ်ဖန် ပြန်ပြေး၍ကြည့်ချင်လေ၏။ တစ်ကိုယ်လုံးမှာ ပုရွက်ဆိတ်ကိုက်သလို ယား၍လာသဖြင့် ကပျာကယာ အိမ်ပေါ်မှ ဆင်း၍ပြေး၏။ မညွန့်တို့အိမ်ပေါ်သို့ ခြေဖျားထောက်၍တက်ပြီးလျှင် တံခါးကြားမှ ကပ်၍နားထောင်လေ၏။

မောင်စိန်နှင့်မညွန့်မှာ အိမ်ရှေ့တွင် တစ်ယောက်နှင့်တစ်ယောက် ခပ်ဝေးဝေးထိုင်နေကြသည်ကို တံခါးကြားမှ မြင်ရလေ၏။ ထိုအခါမှ စိတ်အနည်းငယ်သက်သာ၍ နားကိုစွင့်လျက်နေရာ။

'မညွန့်ရဲ့ အတည်ပြောတာလားဗျ။ တော်တော်ကြာ ငစိန်အရူးဖြစ်ပြီး ကျန်ရစ်အောင်မလုပ်ပါနဲ့နော်'

'အို ကိုကိုစိန်ကလည်း ခုထက်ထိ ကျွန်မကို မယုံသေးဘူးလား။ စိတ်သာချပါ။ ကျွန်မ ဘယ်တော့မှ မဟုတ်တာမပြောဘူး။ အေးအေးသာနေပါ'ဟု ဝမ်းမြောက်သောအသံဖြင့် မညွန့်ကပြောရာ။

'ကဲ ဒါဖြင့် ကျွန်တော်ပြန်မယ်။ စိတ်ချပါရစေနော်'ဟုဆို၍ ထိုင်ရာမှ ထလာသော မောင်စိန်အား တံခါးကြားမှ ချောင်းကြည့်ရင်း 'အမလေးဗျ ဘာများစိတ်ချရမှာပါလိမ့်မလဲ။ ကိစ္စချောကုန်ပြီထင်ပါရဲ့'ဟု အောက်မေ့ကာ ခေါင်းကြီးပုတ်လောက်ကြီးလာသည်ထင်၍ အသားတွေတုန်လျက် မောင်စိန်အား လှေကားအဆင်းတွင် ခြေနှင့်ဆောင့်ပြီး ကန်ချလိုက်ရ တော်လေမလား၊ မျက်နှာစေ့စေ့ကြည့်ပြီး ဖနောင့်နှင့် ရင်ဝကို တော့လိုက်ရ ကောင်းမလားဟု တွေးရင်း မောင်စိန်မှာ ဆင်း၍သွားသဖြင့် မောင်တင့်မှာ တံခါးကိုမလှုပ်အောင် အသက်အောင့်၍ထားလေ၏။ မညွန့်သည် ရောမအပြုံးနှင့်ပြုံး၍ကျန်ရစ်ခဲ့လေ၏။ မောင်တင့်သည် အိမ်ပေါ်မှ ခြေသံမကြားအောင်

mgyoe.com

mgyoe.com

ဆင်းသွားပြီးလျှင် အောက်ရောက်မှ ဖိနပ်စီး၍ ပြန်တက်ခဲ့လေ၏။

မညွန့်သည် မောင်တင့်၏ခြေသံကို ကြားလျှင် ဆီး၍ကြိုကာ 'အတင့်၊ အတင့် ဒီကနေ့ ဘာဖြစ်နေတာလဲ။ ဘာပြုလို့ ဆင်းသွားတာလဲ။ ကိုစိန်ကို ဘာပြုလို့ ဘောက်ပြောတာလဲ။ သူက ဘာများ အတင့်ကို ဆိုးဖူးလို့လဲ'ဟု အရေးတကြီး မေးလေ၏။

မောင်တင့်သည် ဆီးရွက်ခန့်လောက်ရှိအောင် သေးငယ်၍သွားသော မျက်နှာကလေးနှင့် အညွန့်ကို စေ့စေ့ကြည့်ရှုကာ 'အညွန့်က ကိုစိန်ကို ဘောက်ပြောလို့ အတင့်ကိုမုန်းတယ်၊ ရွံတယ်၊ ဒေါပွတယ်၊ ဓားစာကျွေးချင်တယ်ဆိုပါတော့လေ'ဟု မပီမသနှင့် တုန်ချည့်သောအသံဖြင့် ပြောလေ၏။

မညွန့်မှာ ချက်ချင်းပင် မျက်နှာတွေနီလာ၍ ရှက်သွေးတွေပွက်ကာ ဝမ်းနည်းစွာနှင့် 'အတင့် ဘာပြုလို့ ဒီလိုပြောရတာလဲ။ အညွန့်မကြိုက်ဘူးသိလား။ ဘာဆိုင်လို့ ဒေါပွရမှာလဲ'

'အောင်မယ်လေး ... ဆင်သေကို သားရေနဲ့ ဖုံးမနေပါနဲ့အညွန့်ရယ်။ ငတင့်ကို ဒီလောက် အတယ်ထင်နေသလား။ ငတင့်လည်း ဒီမြို့မှာ မနေတော့ပါဘူးဗျ။ အညွန့်တို့သာ ပျော်ပျော်ကြီးနေကြပါ'

မညွန့်သည် လည်ချောင်းတွင် ကြက်ဥအလုံးလိုက်တစ်နေသလို ရင်ထဲမှာ ဆို့၍ နင့်နင့်ကြီးဖြစ်လျက် ပူဆွေးသော မျက်ရည်ပေါက်များမှာ အရေးတကြီးတိုး၍ မျက်လုံးနှင့်မဆန့်အောင်ထွက်လာပြီးလျှင် ရင်ထဲတွင် ငမန်းစွယ်လှကြီးဝင်၍မွှေသလို အခံရခက်၍ 'အမယ်လေး... အတင့် ဘာတွေများ ပြောနေတာလဲ။ အညွန့်ကို ဒီလောက်ပဲ နှိပ်စက်ချင်သလား။ ဒီလို အရမ်းစွပ်စွဲတာ ကောင်းသလား'ဟု ငိုသံပါကြီးနှင့် တုန်၍ပြောလေ၏။

မောင်တင့်သည် မညွန့်ငို၍ပြောသည်အတွက် ဝမ်းနည်း၍ သနားလာလေ၏။ သို့သော်လည်း (အို... ကိုစိန်ကလည်း ခုထက်ထိ ကျွန်မကို မယုံဘူးလား စိတ်ချပါ) ဆိုတဲ့အသံသည် မောင်တင့်နားထဲတွင် သော့ခလောက်အလုံးတစ်ရာလောက် ခတ်၍ပိတ်ထားသလိုနေသဖြင့် အလကား သူ့အမူအရာလုပ်နေတာပဲဟု အောက်မေ့၍ 'ဟာ ... မငိုနဲ့ မငိုနဲ့ အညွန့်ကို ငိုဖို့ရာ

mgyoe.com

mgyoe.com

ပြောတာမဟုတ်ဘူး။ ဝမ်းသာဖို့ပြောတာပါ။ ဟုတ်တာပြောရင် ဝမ်းသာရတာပဲ'ဟု အရွဲ့တိုက်သောမျက်နှာထားနှင့် ပြောပြန်လေ၏။

မညွန့်သည် စိတ်တို၍လာလေ၏။ 'ဟုတ်တယ် ဟုတ်တယ်။ ဘာဖြစ်သေးသလဲ။ ကိုစိန်ဟာ ကျွန်မလင်၊ ဘာဖြစ်သေးသလဲ။ သူနဲ့ယူမလို့ ဘာလုပ်ချင်သလဲ။ ကိုတင့် ဘာရှုပ်စရာရှိသလဲ။ ကျွန်မကြိုက်လို့ ကျွန်မ ယူမယ်'ဟု မာကြောသောအသံဖြင့် ပြန်ပြောလေ၏။

မောင်တင့်သည် အဝိစိငရဲအိုးထဲသို့ ရထားမစီး၊ သင်္ဘောမစီး၊ ဘာဝမပြောင်းဘဲ ဖြုတ်ခနဲရောက်သွား၍ မျက်လုံးမျက်ဆံတွေပြူးပြီးလျှင် မိမိအား ဘယ်အခါကမှ ရှင် ကျွန်မ မပြောခဲ့ဖူး၊ ကိုတင့်ဟု မခေါ်ခဲ့ဖူးဘဲနှင့် ယခုမှ လင်ရခါနီးလို့ ပြောရက်လေခြင်းဟု အင်မတိအင်မတန်ကြီး ဝမ်းနည်းခံခက်၍ မညွန့်ရှေ့တွင် တလိမ့်ခေါက်ကွေး အပြန်ပြန်ယိမ်းထိုး၍ သေလိုက်ချင်လေ၏။ ဘာပြောရမည်မသိရှာတော့ပဲ စကားကုန်၍သွားလေ၏။ မျက်ရည်တွေတွေတွေ တွေတွေနှင့် ကျလာလေ၏။ ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်၍ပြန်ရှာလေ၏။ ကမ္ဘာမြေကြီးတစ်ခုလုံးနှင့် အိမ်တွေ တိုက်တွေဟာ ချားရဟတ်လိုလည်၍နေသည်ဟု ထင်လေ၏။

မညွန့်သည် မောင်တင့်အား မလှုပ်မယှက်ကြည့်နေရာ ဖိနပ်စီးနေသည်ကို မြင်သဖြင့် ကပျာကယာပြေးပြီး အင်္ကျီစကိုဆွဲ၍ 'ဒါ ဘယ်သွားမလို့လဲ'

'သွားချင်တဲ့ဆီသွားမယ်။ အသေသွားမလို့ ဖယ်ပါ။ လာဆွဲမနေနဲ့။ လူကို ငစိန်မှတ်လို့လား'

'အတင့်ကို ဘယ်သူကသွားဖို့ အခွင့်ပေးသလဲ။ လာထိုင်ဦး။ ပြောစရာရှိတာ ပြောရဦးမယ်။ ရီးတီးယားတားမလုပ်နဲ့။ မိညွန့်ခွင့်ပေးမှ အတင့်သွားနိုင်တယ် သိလား။ လာ'ဟုဆိုကာ လက်ကို အတင်းဆွဲ၍ ခေါ်ပြီးလျှင် အထိုင်ခိုင်းလေ၏။ နေဦး ခုလာမယ်၊ ပြောစရာရှိတယ်။ ထမျှား မသွားနဲ့နော်'ဟု အစိမ်းဝါးစားတော့မလိုပြော၍ ဦးဘဦးအိပ်သော အိပ်ရာခန်းထဲသို့ ပြေး၍သွားလေ၏။

mgyoe.com

mgyoe.com

မောင်တင့်သည် အသေကောင်လို ငေး၍ကျန်ရစ်လေ၏။

မညွန့်သည် မျက်ရည်ပေါက်ကြီးတွေ ယိုစီးလျက် ချက်ချင်းပြန်၍ ထွက်လာလေ၏။ 'အတင့် ဒီမှာကြည့် ဒါ ဘာလဲ'ဟု ဦးဘဦး၏ ခြောက်လုံးပြူးသေနတ်ကို ထောင်၍ပြလေ၏။

'အတင့် အတင့်ကို အညွန့်ချစ်လျက်သားနဲ့ အညွန့်ကိုနှိပ်စက်ပြီး ထွက်သွားဖို့ရာ ဘယ်သူက အမိန့်ပေးသလဲ။ အတင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ အတင့်မသိဘူးလား။ မသိရင်ပြမယ်'ဟု ပြော၍ မိမိအိပ်သော ခေါင်းအုံးအောက်မှ ကပ်စာအိပ်ကလေးတစ်ခုကို သွား၍ယူခဲ့ပြီးလျှင် မောင်တင့်အားပေး၍ 'တင့် ဒီအထဲက ပန်းကလေးဟာ ဘယ်တုန်းက ပန်းလဲ၊ ဘယ်သူခူးပေးတဲ့ပန်းလဲ၊ ဘာပြုလို့သိမ်းထားသလဲဆိုတာ စဉ်းစားကြည့်ရင် အညွန့် ဘယ်လောက်ချစ်တယ်ဆိုတာ သိလိမ့်မယ်'

မောင်တင့်သည် စာအိတ်ကိုဖွင့်၍ကြည့်ရာ မိမိခူးပေးသော တောင်ဇလပ်ခက်ကလေးအခက်လိုက် ခြောက်၍ပြားနေသည်ကို တွေ့မြင်ရသဖြင့် (ဒီပန်းကလေးဟာ အတင့်ရဲ့ ကိုယ်စားပဲနော်) ဆိုတဲ့ မညွန့်အသံကို ပြန်၍ ကြားယောင်လျက် ဦးနှောက်တွေ ရှင်း၍လာလေ၏။

'ကိုင်း သိပြီမဟုတ်လား။ အညွန့်က ချစ်လျက်သားနဲ့ အတင့်က အညွန့်ကို မသနားဘဲ ထွက်သွားမယ်ဟုတ်လား။ အတင့်ထွက်သွားရင် အညွန့်သေလိမ့်မယ်။ ဒီတော့ သေရမယ့်အတူတူ အတင့်ကိုလည်း မထားခဲ့ဘူး။ အတင့်ကို အရင်ပစ်ပြီးမှပဲ ညွန့်ကိုယ်အညွန့် သတ်သေမယ်။ ကိုင်း- ဒါပဲ'ဟုဆိုကာ မျက်ရည်တွေပြည့်လျှံနေသော မျက်စိနှစ်လုံးကို စုံမှိတ်၍ တုန်လှုပ်သောလက်ဖြင့် သေနတ်မောင်းကို ဖြုတ်လိုက်တော့မည်လုပ်ရာ လေ၏။

မောင်တင့်မှာ သတိရကာ မညွန့်၏လက်ကို ဖျတ်ခနဲထ၍ကိုင်ကာ သေနတ်ကို အတင်းလုယူပြီး မညွန့်၏လက်များကိုဆွဲကိုင်ကာ 'အညွန့်ရဲ့ အတင့်ပြောပါရစေဦး။ အတင့်ပြောပြီးမှ ပစ်ချင်ရင်ပစ်ပါ'ဟု မညွန့်၏မျက်နှာကို ဝမ်းနည်းသောမျက်လုံးဖြင့် မော့ကြည့်ပြီးလျှင် 'အညွန့်ရဲ့ အတင့် ရှုံးပြီ။

mgyoe.com

mgyoe.com

အတင့် အစကတည်းက မသန်းကို နည်းနည်းမှ မကြိုက်ပါဘူး။ အတင့် အညွန့်ကိုသာ ချစ်ပါတယ်။ နေ့ရှိသရွေ့ အညွန့်ကိုချစ်တဲ့ဒုက္ခကို ခံစားနေရလို့ အညွန့်ကိုဖွင့်ပြီးပြောမယ်လုပ်တော့လည်း ကိုစိန်ရောက်လာပြီး အညွန့်နဲ့ တီးတိုးတီးတိုးပြောပြောပြီးနေတာတွေ မြင်ရလို့ အတင့် ဝမ်းနည်းပြီး ပြောမိတာပါ အညွန့်ရဲ့။ အတင့်ကို စိတ်မဆိုးပါနဲ့ အတင့်မှားပါပြီ။ အတင့်နောက်ကို အညွန့်မကြိုက်တာ မပြောတော့ပါဘူး'ဟု ရှိုးတွင်းခြင်ဆီထဲမှ ထွက်လာသောအသံဖြင့် ပြောလေ၏။

မညွန့်သည် 'အနို့ အစက ဘာပြုလို့ ဒီလိုမပြောတာလဲအတင့်ရဲ့' ဟုဆို၍ မောင်တင့်၏လည်ပင်းကိုဖက်၍ ရှိုက်ကာ ငိုနေလေ၏။

မောင်တင့်သည်ကားစကားပြန်၍မပြောနိုင်ဘဲ စိတ်ထဲတွင်လေယာဉ်ပျံစီး၍ တိမ်ညွန့်တွေကို လျှောက်ခူးနေသလို ဖြူဖြူဖွေးဖွေးလေးနှင့် နွေးနွေးကြီးနေသော တပွေ့တပိုက်ရှိသည့် မညွန့်၏တစ်ကိုယ်လုံးကို ချောတိုင်တက်သလို အားရပါးရ မြဲမြဲကြီးညှစ်၍ ဖက်ထားပြီးမှ ရုတ်တရက် သတိရ၍ 'အနို့ အညွန့်ရယ် ခုတင်က (ကိုစိန်က မယုံသေးဘူးလား၊ စိတ်ချပါ)ဆိုတာ ဘာစကားလဲ။ ဘာစိတ်ချရမှာလဲအညွန့်ရဲ့'ဟု လန့်လန့်နှင့် မေးရလေ၏။

မညွန့်သည် အမွှေးပေါင်းစုံအောင် ခြယ်၍ထားသော ပါးအိုနုနုကလေးကို မောင်တင့်၏နှာခေါင်းဝနားတွင်ရစ်ဝဲကာ ပြုံး၍ကြည့်ပြီး 'အတင့်သိချင်သလား။ အညွန့်ကို စိတ်မဆိုးနဲ့နော်'

'မဆိုးပါဘူး အညွန့်ရဲ့။ ပြောပါ'

'ဟင့်အင်း၊ တော်တော်နေတော့ စိတ်ဆိုးပြီး ရိုက်မှာစိုးတယ်'

'အမယ်လေး ပြောစမ်းပါမြန်မြန်၊ မဆိုးပါဘူး။ ရွှေတိဂုံစူးပါစေ မဆိုးပါဘူး'

'အဟုတ်လား။ အတင့်စိတ်မဆိုးရင် ဝမ်းကောမနည်းဘူးလား'

'ဟာ ဒုက္ခပါပဲ အညွန့်ရယ်။ မြန်မြန်သာပြောစမ်းပါ။ ဘာမှမဖြစ်ဘူး အညွန့်ရဲ့။ ပါးကို ဟောဒီလိုဒီလို သူများမလုပ်ရင် ပြီးတာပဲဟုပြော၍ လက်ကလေးနှင့်ပြလိုက်လေ၏'

mgyoe.com

mgyoe.com

'ကဲ ဒါဖြင့် အညွန့်ပြောမယ်နော်။ ဟော အတင့်က အညွန့်နဲ့ ကိုစိန်ကို အထင်လွဲနေပေမဲ့ ကိုစိန်က အညွန့်ကိုကြိုက်လို့လာတာမဟုတ်ဘူး သိလား။ ရှင့် မသန်းဟာ ကိုစိန်ရဲ့ ရည်းစားဦးပဲရှင့်။ ဒီအကြောင်းကို မသန်းကလည်း ရှက်လို့ ကျွန်မကို ဖွင့်မပြောဘူး။ ခု ကိုစိန်ကျောင်းက ပြန်လာမှ ကိုစိန်က ကျွန်မကို အကုန်ဖွင့်ပြောပြီး မသန်းနဲ့တွေ့ရအောင်လုပ်ပေးစမ်းပါလို့ ပြောတာရှင့်။ အညွန့်ကလည်း တင့်နဲ့မသန်းနဲ့ လွဲအောင် ကြားကနေပြီး တွင်တွင်ကြီး ဝမ်းသာအားရပြောပေးလိုက်တာပ။ မပြောရင် ဟောဒီအတင့်က အညွန့်ကိုမှ သတိမရတော့ဘဲကိုးရှင့်'ဟု မောင်တင့်၏ရင်ခွင်ထဲသို့ တိုးခွေ၍ဝင်ရင်း ပြောလေ၏။

ထိုအချိန်သည် မောင်တင့်နှင့် မညွန့်တို့၏စိတ်တွင် ဘုံးသုံးဆယ့်ကစ်၌ ရှိရှိသမျှမှာ ငါတို့နှစ်ယောက်ကလွဲလျှင် အသက်ရှိတဲ့အရာဟူ၍ မရှိဟု ထင်လောက်အောင် မေ့မြော၍သွားသော အချစ်ဓာတ်၏ အုပ်ဖုံးလွှမ်းမိုးခြင်းကို ခံနေကြရသဖြင့် ဦးဘဦးပြန်လာသည်ကိုပင် မသိဘဲ ရှိကြလေ၏။ ဦးဘဦးမှာ စက်ရုံကပြန်လာပြီး အိမ်ပေါ်ကိုရောက်လျှင်ရောက်ချင်း မောင်တင့်နှင့် မညွန့်တို့၏ ဖြစ်ချင်သလို ဖြစ်နေကြပုံကို ပက်ပင်းပါ တွေ့ရသည့်ပြင် အနားတွင်လည်း အမြဲယမ်းတောင့်ထိုး၍ ခေါင်းအုံးအောက်တွင်ထားသော မိမိသေနတ်ကို မြင်သည့်အတွက် ထိတ်လန့်ကာ 'ဟိုက် ဘာများ ဖြစ်နေကြတာတုန်းကွဲ့ သမီး၊ မောင်တင့်၊ ဟဲ့ အညွန့်'ဟု ဦးဘဦးရဲ့ မေးသံကိုကြားမှ မညွန့်နှင့် မောင်တင့်မှာ လန့်၍လှည့်ကြည့်ပြီးလျှင် အကြောက် ရောအရှက်ရော လုံးထွေးကာ တစ်ယောက်နှင့်တစ်ယောက်ခွဲ၍ ပြောစရာစကားရှာမရဘဲ၊ အ ခြင်းမက အ၍ ဦးဘဦး၏မျက်နှာကို ကြောင်တောင်ကြီး ကြည့်ကာ မျက်လုံးပြူး၍နေကြရာ ဦးဘဦးမှာ ကုလားထိုင်တစ်ခုကိုဆွဲ၍ ထိုင်ရင်း 'ဟဲ့ ဘာဖြစ်ကြတာတုန်း။ ပြောကြစမ်းပါ ငါ့ကို။ ဒီသေနတ်က ဘာပြုလို့ ဒီရောက်နေတာလဲ'ဟု ထပ်မေးမှ မညွန့်မှာ သတိရ၍ ရှက်သော်လည်း မပြောဘဲနေရမည်မဟုတ်သည်အတွက် ဦးဘဦး၏ ခြေထောက်ကိုဖက်၍ အစမှအဆုံးပြောပြရာ ဦးဘဦးမှာ ဝမ်းသာ

mgyoe.com

လှသော်လည်း ဣန္ဒြေဆောင်၍ 'သမီးက တယ်မိုက်တာကိုး။ ဘာပြုလို့ ဒီလိုသေနတ်တွေ ဘာတွေ ယူပြီး လုပ်ရတာလဲ။ အကျိုးအကြောင်း သေသေချာချာ ပြောပြပါလား။ နောက် ဒီလိုဘယ်တော့မှမလုပ်ကြနဲ့ ကြားလား။ မောင်တင့်ကလည်း စဉ်းစားမှပေါ့ကွယ်။ ကဲ ထမင်းစားရအောင်' ဟု ပြောပြီးလျှင် မောင်တင့်နှင့် မညွန့်မှာ တစ်ယောက်ကို တစ်ယောက် အကြည့်ရခက်၍နေကြလေ၏။

များမကြာမီ ဦးဘဦးကိုယ်တိုင် မောင်တင့်၏မိဘများနှင့်တိုင်ပင်၍ ကြီးကျယ်ခမ်းနားကျော်ကြား၍မကုန်နိုင်လောက်သော လက်ထပ်ပွဲကြီး ပြုလုပ်ပြီးနောက် စက်သူဌေးကလေး ကိုကိုတင့်၊ သူဌေးကတော် မမညွန့် ဘဝသို့ ရောက်ရှာသော ချစ်သူနှစ်ဦးတို့မှာ တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်၍ ဘဝတိုင်း ဘဝတိုင်း အညွန့်နဲ့အတင့် ဟောဒီလိုချစ်ပြီး နေရပါစေဟု နှစ်ယောက်စလုံး ဆုတောင်းကာ အတိုင်းမသိ မွန်မြတ်လှသော နိဗ္ဗာန်ရွှေပြည်မြတ်သို့ရောက်ရန်ကိုပင် မေ့လျော့ကာ ဘယ်တော့မှ ဆုမတောင်းမိကြသေးသည်မှာ အထူးအံ့ဩဖွယ်မရှိပေ။

ကဝိမျက်မှန်မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com



# ပန်းတော်ပန်

ဘယ်အရပ်ဆီကိုမဆို ကြည့်လိုက်တိုင်း အဆင်းအရောင်မရှိဘဲ ဖြူကြောင်ကြောင်၊ ပြာမှိုင်းမှိုင်းသာ ထင်ကုန်၍ ကောင်းကင်ဘုံ မျက်နှာပြင်ဦးမှာလည်း ဆေးဖြူတွေကွာကာ ကွဲအက်ပြိုကျလာတော့မည့် တိုက်အိုကြီးသဏ္ဍာန် အလိုလို စိုကျယိုရွဲပြီး ရွှဲရွှဲစိုဖိတ်ယိုပေါက်ကျလာမည်ကဲ့သို့ တဖြောက်ဖြောက်ကျဆင်းသော နံနက်ခင်းဆီးနှင်းရည်သည် ကမ္ဘာမြေပေါ်ရှိ လူသူတိရစ္ဆာန်သစ်ပင်ချုံမြက်ခင်းတို့အား အအေးဓာတ်ဖြင့် စိမ့်ချမ်းထုံကျဉ်စေလေ၏။

ထိုခဏ၌ စောစောစီးစီး မောကြီးပန်းကြီးနှင့် အပြေးအလွှား အလုပ်ဆင်းလာရသော ဘတ်စ်ကားစပယ်ယာကလေးကဲ့သို့ အပျော်ကြူးကာ ကစော်မူးလာဟန်လက္ခဏာရှိသော လေပြေရူးကလေးသည် မြောက်ဘက်ရူးရူး ဟိမဝန္တာတောင်တန်းတောလမ်းမှ မောပန်းစွာ ဖြတ်သန်းသုတ်ခြေတင်လာလေ၏။

ဘိုးသူတော်ကြီးတွေ ငုတ်တုတ်ထိုင်နေသကဲ့သို့ ဖြူကြောင်ကြောင်အရောင်ရှိသော သင်တိုင်းကို ဆင်သိုင်းရစ်ခြုံ အချမ်းလုံအောင် ကွေးနေကြသော သစ်ပင်ကြီးငယ်အသွယ်သွယ်တို့လည်း ထိုလေရူး၏ ပျော်မြူးခုန်လွှားခြင်းကြောင့် အိပ်မှုန်စုံမွှားဖြင့် ရုတ်တရက် လန့်နိုးကုန်၍ စိတ်ဆိုးသည့်

mgyoe.com

mgyoe.com

ပုံ၊ တစ်ဟုန်တည်း ထကြွလှုပ်ရှားကြကုန်၏။

စောင်တစ်ထည်တည်းကို ခေါင်းမြီးတင်းလောက်အောင် ဆွဲခြုံထားသော မိခင်ဖခင်တို့အကြားမှ တအားကုန် 'ဟားခနဲ' ဟစ်ကြွေးအော်ငိုလိုက်သော ကလေးငယ်၏အသံသည် ဥတုရာသီ၏ တုန်ရီချမ်းအေးဟန်ကြောင့်လည်းကောင်း၊ မိခင်၏ လက်ဝါးဒဏ်ကြောင့်သော်လည်းကောင်း၊ အကြောင်းကို စနည်းနာရအောင် မစဲဘဲ သည်းသထက်သည်းလာလေ၏။

ဒေါင် ဒင် ဂလောင် ဂလင်။ ဘော်ဘူဖြင့် ဆူညံစွာသော မော်တော်ကား၊ ဓာတ်ရထား၊ မြင်းလှည်း၊ လန်ချားသံတို့နှင့် တစ်ပြိုင်တည်း အချက်ပေးထားကာ ကြက်တူရွေးစကားပြောသကဲ့သို့ သောသောညံလာကြသော ဟင်းရွက်ဟင်းသီးသည် အပျိုအအို၊ အစ်ကိုအစ်မများ၏အသံသည် ရုတ်တရက် ဆူညံသွားသည့်အတွင်း ငါပါ ငါပါမကြည်ရဲ့။ တယ်မကြောက်နဲ့ငြိမ်။ တကယ်စောင့်တဲ့အချိန်။ ခင်တော်တော်ဆူပါ တစ်ကြိမ်နှစ်ကြိမ်၊ အလိန်လိန် အကန်ကန်ပျိုကြည်မောရုံပ။ ထပြီးမှပြောပြ၊ သဘောကျစေရန် ငြိမ်ငြိမ် ... စသည့် ဦးကလိန်အလိုက် သီချင်းကလေးကို မသဲတကွဲ၊ မပီတပီ။ အဆီတွင်းအရိုးကြားတို့မှ စိမ့်ချမ်းကျဉ်ထုံလာသဖြင့် တုန်တုန်ရီ သီဆိုလိုက်ရသော ဘတ်စ်ကားစပယ်ယာ၏အသံနှင့် လမ်းမတော် မော်တင်၊ ကြည့်မြင်တိုင်၊ အလုံစမ်းချောင်း၊ အင်းစိန်မင်္ဂလာဒုံ၊ သိမ်ကြီးဈေး၊ ဆူးလေဘုရား စသော ဂါထာလင်္ကာကလေးတို့ကို ဘိုင်ဟတ်ကျက်မှတ်၍ အလွတ်ရထားသည့်အတိုင်း ပြတ်ပြတ်သားသား တအားကုန်ဟစ်အော်၊ လှူခေါ်လိုက်သောအသံတို့သည် အပြန်အလှန် ရောယှက်ပေါ်ထွက်လာ၏။

သို့သော် ထိုကဲ့သို့သောအသံတို့သည်ကား ထူးခြားလှသည်မဟုတ်သည့်ပြင် စာရေးသူ၏နေရာ၊ ရန်ကုန်မြို့ကြီးနှင့်သာ သက်ဆိုင်၍ အခြားသော မြို့ရွာအရပ်ဒေသတို့နှင့် အနည်းငယ် ကွဲပြားကွာခြားကြမည်ဖြစ်သော်လည်း လူမနီးသူမနီးသည့် တောကြီးမြိုင်လယ်မျက်ကွယ်ရာအရပ်တစ်ပါးတို့၌ကား မည်မျှပင် ကွဲလွဲကွာခြားနေလိမ့်မည်ကို ထိုနေရာ ထိုဌာန၌ ထိုကာလထိုအချိန်တွင် နေအိမ်ပြုလုပ်နေထိုင်ကြသောသူများမှတစ်ပါး အခြားသူတို့မှာ
mgyoe.com

mgyoe.com

သေချာမှန်ကန်အောင် သိမြင်ဖို့ရန် ခဲယဉ်းကြလိမ့်မည်ဖြစ်သတည်း။

သို့သော် စာတတ်သူ စက္ကူရှင်တို့ သိမြင်နားလည်စေရန် ရှင်းလင်း ဖော်ပြရမည့် ဝတ္ထုရှားရှိသည့်အတိုင်း မသိသိအောင် ကြံဆောင်ကြိုးစားကာ ဖော်ပြရေးသားရမည်ဆိုသော် ဤနံနက်ခင်း လေညှင်းတသုံသုံ ချမ်းခိုက်ခိုက် တုန်သည့်အချိန်ဝယ် အသွယ်သွယ်သော ကျေးငှက်သာရကာတို့၊ မာဂဓ သဘောဖြင့် တိရစ္ဆာန်ဘာသာပြောကြကာ တသောသော ဆူညံနေမည်ထင် သည့် တောကြီးမြိုင်ယံတွင်း၌ကား ဘာသံကိုမှ မကြားရဘဲ ချမ်းအားနှင့် အသိုက်အမြုံတွင် ခိုက်ခိုက်တုန်အေးသဖြင့် မလှုပ်တလှုပ်ကွေးရကာ အတောင် ကလေးကိုမျှ မ မချင်အောင် တစ်ကောင်နှင့်တစ်ကောင် တိုး၍ မိုးလင်းသည့် တိုင် အိပ်တန်းကိုင်းခွဆုံမှမဆင်းဘဲ အစာရှာဖွေခြင်းကို မပြုသဖြင့် လူ့ရွာ လူတို့နေထိုင်သည့်နေရာများကဲ့သို့ အသံဗလံတို့နှင့် ဆူညံလှမည်မဟုတ် ချေ။

အခါတစ်ပါးတို့၌ကား နေရောင်ခြည်ထွက်ပြူလာသော အချိန်အခါ ဖြစ်၍ နေခြည်ဦးကလေး ကွန့်မြူးလာသည်တွင် အသီးသီးအစာရှာထွက်ကြ ကုန်သော တောနေသတ္တဝါတို့၏ ဟိန်းသံ၊ ဟောက်သံ၊ ဟစ်သံ ထစ်သံ တို့သည် ဆူညံလျက် တစ်ပင်ကျော် တစ်ပင်တက်ကာ ကလက်တက်တက် ပြောင်ချော်ချော်နှင့် လှောင်သရော်ကဲ့သို့ မျက်လုံးကို ကြောင်တောင်ပြုကြည့် ၍ တခိခိကြွေးကြော်ဟစ်အော်ကြကုန်သော မျောက်လွှဲကျော်အများ၏ အသံ သည်လည်း တစ်ရံမပြတ် အထပ်ထပ်သော ဤတောဤတောင် လျှိုမြောင် ကမ်းပါးတို့အကြားမှ ထပ်မနားကြားနေရသော်လည်း ယခုမှာ တောတောင် သံဟူ၍ လုံးလုံးဆိတ်ညံလျက် ဝေးလံသော အရှေ့မြောက်အရပ်ဆီမှ တစ်ခါ တစ်ရံလေကြောင်းသင့်၍ လွင့်ပါးကြားလာရသော ချင်းကရင်တောင်သူတို့၏ သစ်ခုတ်သံမှတစ်ပါး အခြားမဲ့ဆိတ်ငြိမ်သော တောတောင်ကြီး အတွင်းဝယ် ငြီးငွေ့ကြောက်ဖွယ်ရာပင်တည်း။

သို့သော် နေ့မအိပ် ညမအိပ်ဘဲ တိတ်ဆိတ်စွာ အဖော်မရှာ၊ မိမိ၏ ဝန်တာကို ကျေပွန်အောင် ထမ်းဆောင်နေသော စမ်းချောင်းကလေးသည်

mgyoe.com

mgyoe.com

ကား မြင့်မားသော ကမ်းပါးယံထက်မှ တသွက်သွက် ကျစီးဆင်းလာကာ ဒရဝမ်ကုလားအဘိုးကြီး၊ တမာကူကို ရှူနေသကဲ့သို့သောအသံဖြင့် တောင်အောက်ချိုင့်ဝှမ်းထဲသို့ ကျရောက်လာခဲ့လေ၏။ ထို့ကြောင့် နံနက်ခင်း ဆီးနှင်းထန်သော ဤအချိန်ကာလတွင် တည်နေရာဌာနသည်ကား နမ္မတူမြို့နှင့် ၈ မိုင်ခန့်ခရီးအကွာ ရှမ်းနယ်တွင်းသို့ အဝင်အပါဖြစ်သော လူမနီး သူမနီးသည့် တောကြီးအတွင်းမှ အခြေတည်ပြုပြီး၍ ဆီးနှင်းတို့တဖွားဖွားကျနေသောအကြားမှ မှုန်မွှားမွှားမြင်ရသော ခပ်ဖြူဖြူသဏ္ဍာန်တစ်ခု၏ အကြောင်းကို ရေးရချေတော့မည်။

သို့သော် နေရာတိုင်း၌ မြူနှင်းတွေအုပ်ဆိုင်း၍ ပြာမှိုင်းမှိုင်း၊ ဖြူကြောင်ကြောင် ထင်ယောင်နေကြသော်လည်း အဆင်းအရောင်ခြင်းမတူ၊ ဆွတ်ဆွတ်ဖြူသော ထိုသဏ္ဍာန်ဆီမှ မီးခိုးတွေကလည်း တလူလူထနေသဖြင့် ဝိသေသထူးပုံကို ကုန်စင်အောင်သိစေရန် အနီးသို့ ချဉ်းကပ်ကြည့်လျှင် ထိုဖြူဖြူသဏ္ဍာန်သည် ပတ္တူရွက်ထည်ကလေးတစ်ခုဖြစ်သည့်ပြင် အတွင်း၌ကား အသက် ၂၀ ကျော်အရွယ်ခန့်ရှိ ထွားကျိုင်းသန်မာဟန် လက္ခဏာရှိသော ယောကျ်ားပျိုတစ်ယောက်သည် ဓာတ်မီးဖိုတစ်ခုပေါ်တွင် အငွေ့တလူလူထနေသော ရေနွေးအိုးကို စူးစိုက်ကြည့်ကာ မှိုင်တွေငေးမောနေသည်ကို တွေ့ရပေလိမ့်မည်။

မိမိစူးစိုက်ကြည့်နေသော ရေနွေးအိုးသည် ဆူလာပြီး အငွေ့တလူလူထွက်နေသည်ကိုပင် သတိကင်းစင်နေသကဲ့သို့ မသိချင်သည့်အလားအကြောင်းသားငေးမောနေရာမှ သက်ပြင်းကြီးကိုချကာ ဖြည်းလေးစွာတစ်ဖက်သို့လှည့်၍ မနီးမဝေးရှိ ခေါက်ခုတင်ပေါ်တွင် အိပ်ပျော်နေသောသူကို အတန်ကြာ စူးစိုက်ကြည့်နေပြီး သနားကြင်နာသော အမူအရာတို့သည် ၎င်း၏မျက်နှာပေါ်၌ ထင်ရှားပေါ်လွင်လာလေ၏။

ထို့နောက် ထိုအိပ်ပျော်နေသောသူ၏အနားသို့ ဖြည်းညှင်းစွာ တစ်ဖန်မတွေ့ဖူး၊ မမြင်ဖူးသော သူစိမ်းအသွင်ကဲ့သို့ သေချာစွာ စူးစိုက်ကြည့်နေပြန်လျက် တစ်ဖက်သို့လှည့်၍ စဉ်းစားတွေးတောဟန်ဖြင့် ငေးမောနေပြန်၏။

mgyoe.com

mgyoe.com

ထိုသူနှစ်ယောက်တို့မှာ သက်တူရွယ်မျှပင် ရှိကြမည်ဖြစ်သော်လည်း ရုပ်ဆင်းသဏ္ဌာန်တို့မှာမူ တစ်ယောက်ကိုတစ်ယောက် ရွေးမရလောက်အောင် အလွန်တူကြလျက် ထိုရုပ်နေသော ယောကျ်ားပျိုမှာကား နေပူစပ်ခါးတို့၌ အမြဲသွားလာလုပ်ကိုင်နေရသည့် လက္ခဏာဖြင့် အသားအရေ အနည်းငယ်ညို၍ ပြည့်ဖြိုးသန်မာ ထွားကျိုင်းဟန်ရှိသော ကိုယ်လုံးကိုယ်ထည်ဖြင့်သာ အနည်းငယ်ခြားနားသိသာနိုင်လေ၏။

ထိုသူသည် မိမိနှင့် ရုပ်ရည်သွင်ပြင် အထူးတူလှသောသူအား ငေးမောတွေဝေကြည့်နေသည်မှာကား ထူးဆန်းအံ့သြခြင်းကြောင့်မဟုတ်ဘဲ မလှုပ်မယှက်နှင့် အသက်ငင်သောသူအလား ပကတိငြိမ်သက်စွာ အိပ်ပျော်နေသော မိမိသူငယ်ချင်းဖြစ်သူအား အလွန်သနားကြင်နာသောအမူအရာဖြင့် အချို့နေရာ၌ မို့မောက်ကာ၊ အချို့နေရာတို့၌လည်း ချိုင့်ဟောက်၍ အရိုးအကြောတွေ ငေါထွက်လျက် ရုပ်ဆင်းသဏ္ဌာန်များပင် ပျက်နေသော မျက်နှာနှင့် နနွင်းတက်အဆင်းကဲ့သို့ ဝါဖန့်ဖန့် ဖြူရော်ရော်။ အရိုးပေါ်ခရည်ကလေးမျှသာ လွှမ်းနေသော ကိုယ်လက်အင်္ဂါတို့ကို စေ့စပ်သေချာစွာကြည့်ပြီး သက်မကြီးကို ဟင်းခနဲချ၍ လှည့်သွားလေ၏။ ထို့နောက် ထင်းရှူး သေတ္တာတစ်ခုတွင်းမှ လက်ဖက်ရည်ပန်းကန်နှစ်လုံးနှင့် နို့ဆီသကြား ကော်ဖီ မှုန့်ဘူးတို့ကိုယူကာ ရေနွေးအိုးအနီးသို့လာခဲ့ပြီး ကော်ဖီနှစ်ခွက်ကို အလျင် လိုသောအမူအရာဖြင့် ဖျော်နေစဉ် အသံကလေးသဲ့သဲ့နှင့် မချိမဆန့် ညည်းညူလိုက်သည်ကို ကြားရ၍ လှည့်ကြည့်လိုက်ရာ ယခင်အိပ်ပျော်နေသောသူမှာ အနည်းငယ် လှုပ်ရှားစပြု၍လာလေ၏။

ထိုယောကျ်ားပျိုသည် မိမိလက်၌ရှိသော ပန်းကန်ခွက်ယောက်တို့ကို ကပျာကယာချ၍ ခုတင်အနီးသို့ကပ်သွားစဉ်ပင် ယခင်လူမမာသည် ချိုင့်ဝှမ်းသော အရိုးတွင်းသို့ နစ်မြုပ်ဝင်နေသော မျက်စိနှစ်လုံးတို့ကို အားနည်းစွာနှင့် ဖွင့်လာလေ၏။

'သြော် ... ကိုသန်းဖေ နိုးလာပြီလား။ ဘယ့်နှယ် တော်တော် အိပ်ပျော်သွားရဲ့လား။ ခုကော နေရထိုင်ရတာ ဘယ့်နှယ်နေသလဲ'

mgyoe.com

mgyoe.com

သန်းဖေ။ ။ အားနည်းသောအသံဖြင့် အနည်းငယ်ပြုံး၍ 'ဟုတ်ကဲ့ ကိုတင်မြင့် ... တော်တော်ကလေးတော့ နေရထိုင်ရတာ သက်သာသွားပါရဲ့။ ညတုန်းကဖြင့် လူမှန်းသူမှန်းမသိအောင် အလူးအလဲပဲနော်။ ကိုတင်မြင့် လည်း တစ်ညလုံးမအိပ်ရရှာဘူးထင်ပါရဲ့။ အင်း... ကျွန်တော့်အတွက် ကျွန်တော့်အတွက် သက်သက် ဒုက္ခပေးသလိုကျနေပြီနော်။

တင်မြင့်ဆိုသူ ယခင်ယောက်ျားပျိုသည် ပြုံး၍ 'အို... ဘာဒုက္ခလဲ ကိုသန်းဖေရယ် မဟုတ်တာ။ ဒါတွေကို မတွေးစမ်းပါနဲ့ဗျာ။ ကျွန်တော်နဲ့ ခင်ဗျားနဲ့ဟာ အခုမှ တွေ့ကြမြင်ကြလို့ ခင်မင်ကြတဲ့လူတွေမဟုတ်ပါဘူး မိတ်ဆွေရယ်။ စိတ်ချမ်းချမ်းသာသာနဲ့ ကိုယ်ကျန်းမာလာအောင်သာ ကြိုး စားပါ။ ဘာမှ စိတ်မကောင်းစရာတွေကို မတွေးပါနဲ့။ ကိုယ့်စိတ်ကို ကိုယ်ဖြေတာပေါ့ ကိုသန်းဖေရယ်။ ကိုယ့်ရောဂါသက်သာလို့ ကျန်းမာလာ ဖို့ကိုသာ စိတ်ထဲမှာ အမြဲနှလုံးသွင်းပါဗျာ။ ကဲ နည်းနည်းကလေး အားရှိ သွားအောင် ကော်ဖီကလေး သောက်လိုက်ပါဦး။ ကျွန်တော် သွားယူလိုက် ဦးမယ်'ဟု ဆို၍ မောင်တင်မြင့်သည် ကော်ဖီနှစ်ခွက်ကိုယူလာပြီး သူငယ် ချင်းအား မျက်နှာသစ်ရေများကိုပေး၍ မိမိကိုယ်တိုင် ယုယချစ်ခင်သောအမူ အရာဖြင့် ယုငင်တိုက်ကျွေးလေ၏။

မောင်သန်းဖေနှင့် မောင်တင်မြင့်တို့မှာ ရန်ကုန်ကျောင်း၌နေစဉ် ကျောင်းသားဘဝကတည်းက အလွန်ချစ်ခင်လာကြသော သူငယ်ချင်း မိတ်ဆွေများဖြစ်ကြလျက် တစ်ဖန် ကျောင်းမှထွက်၍ မိမိတို့နေရပ်သို့ အသီး သီးပြန်သွားကြရာ ချစ်လှစွာသော သူငယ်ချင်းနှစ်ယောက်တို့မှာ အတော် ကြာ ကွဲကွာနေကြပြီး လွန်ခဲ့သောဖလလောက်ကမှ မှာထားအလားသင့်ကြုံ ဆိုသကဲ့သို့ ရှေ့တွင်ရေးသားဖော်ပြမည့် အဖြစ်အပျက်တို့နှင့် တွေ့ကြုံကာ နမ္မတူမြို့၌ တစ်နေ့သောအခါ ကံအားလျော်စွာ တွေ့ရပြီး ဤလူမနီးသူမနီး သော တောကြီးမျက်မည်း ဤပတ္တူတဲကလေး၌ အဆင်းရဲခံကာ မိမိတို့ အကြံအစည်နှင့် နှစ်ယောက်တည်းနေလာခဲ့သည်မှာ အဆိုပါ ဖလမျှ ကာလ ရှည်ကြာခဲ့လေ၏။

mgyoe.com

mgyoe.com

ၛင်းတို့အကြံအစည်သည်ကား အခြားမဟုတ်။ ယခင် သန်းဖေနှင့် တွေ့စဉ် မောင်တင်မြင့်မှာ နမ္မတူသတ္တုတွင်း သူဌေးတစ်ဦးနှင့် အမြတ်အစွန်း ထက်ဝက်စီ စာချုပ်၍ ၎င်းသူဌေးက ငွေကြေးစရိတ်စက ထုတ်ပေးပြီး မောင်တင်မြင့်က လူအားစိုက်ကာ သတ္တုထွက်သည့်နေရာတို့ကို လိုက်လံ ရှာဖွေနေရင်း နမ္မတူမြို့နှင့် စမိုင်ခန့်အကွာ တောကြီးအတွင်းရှိ တောင်တစ် တောင်တွင် ကျောက်တွင်းရှိသည်ဟု အသိမိတ်ဆွေဖြစ်သော ကရင်တစ် ယောက်ထံမှ သတင်းရရှိ၍ သူငယ်ချင်းနှစ်ယောက် အတူထွက်လာခဲ့ပြီး ထိုနေရာတွင် ရွက်ထည်တဲကလေးတစ်ခုကို ဆောက်လုပ်နေထိုင်၍ ရှာဖွေ ကာ ကောင်းစွာအထမြောက်အောင်မြင်ခြင်းမရှိသေးသဖြင့် လုံ့လကို မလျှော့ ဘဲ တစ်နေ့နေ့တော့ အမှန်တွေ့ရမည်ဟု စိတ်အားတင်းကာ အပင်ပန်း အဆင်းရဲကို ညီတူညီမျှ ခံလာခဲ့ကြလေ၏။

မကြာမကြာတွင်လည်း စားရေရိက္ခာအသုံးအဆောင်တို့ကို အလို ရှိသည့်အခါ မောင်တင်မြင့်က နမ္မတူမြို့သို့ ထွက်သွားလျှင် သန်းဖေတစ် ယောက်တည်း သေနတ်တစ်လက်နှင့် တဲစောင့်ကျန်ရစ်ခဲ့လေ၏။ တစ်ခါ တစ်ရံလည်း မိမိတို့၏ အဖိုးတန်ပစ္စည်းဝန်စည်စလယ်များကို သိမ်းဆည်း သို့ဝှက်ထားခဲ့ပြီး နှစ်ယောက်လုံးပင် မြို့သို့သွားကြလေ၏။ ဤကဲ့သို့ သူငယ်ချင်းနှစ်ယောက်တို့သည် အေးအတူ ပူအမျှ အတူတကွနေထိုင်လာ ခဲ့ကြရာ လွန်ခဲ့သည့်နှစ်လကျော်လောက်တွင် သန်းဖေမှာ ရုတ်တရက် ငှက် ဖျားရောဂါစွဲကပ်လာပြီး ရံဖန်ရံခါ ပျောက်ကင်းသက်သာသွားသော်လည်း အဖျားငွေ့မကုန်စင်သေးသဖြင့် မကြာမကြာ အဖျားတက်နေ၍ ရိုးတွင်းခြင် ဆီတို့မှ ကိုက်ခဲထုံကျဉ်ကာ မသေမရှင်အလူးအလဲခံရလျက် ယခု အရက် ၂၀ ခန့်လောက်တွင်မှ ရောဂါမှာ ပြင်းထန်လာ၍ အသည်းအသန် မကျန်း မမာဘဲဖြစ်၍နေရှာလေ၏။

အဖျားတက်လာသည့်အခါ မချိမဆန့် လူးလွန့်လိမ်တွန့်ကာ ချမ်း စိမ့်တုန်ခိုက်၍ အူထဲအသည်းထဲ၌ လှိုက်လှိုက်လှဲလှဲခံရသည့် ဝေဒနာဒဏ် ကို ကြာရှည်စွာ မခံနိုင်သဖြင့် သေလျှင်လည်း ခပ်မြန်မြန်သေပါစေတော့ဟု

mgyoe.com

mgyoe.com

သန်းဖေမှာ မကြာမကြာ ညည်းညူအားလျှော့လိုက်လေလျှင် သူငယ်ချင်းကောင်းဖြစ်သူ မောင်တင်မြင့်က အမျိုးမျိုးအားပေးလျက် မိမိတတ်သမျှမှတ်သမျှတို့နှင့် ယုယကြင်နာစွာ ပြုစုကုသရှာလေ၏။ သို့သော် ဥတုရာသီက မမှန်ဘဲ ချမ်းပြန်လျှင်လည်း ခိုက်ခိုက်တုန်အောင် အစွမ်းကုန်ချမ်းအေးလျက် ပူပြန်လျှင်လည်း မီးမကအောင် ခြစ်ခြစ်တောက် ပူလောင်ပြင်းထန်သော တောကြီးတောင်ကြီးအတွင်း၌ တစ်နေ့တခြား ရောဂါမှာ မသက်သာပဲကြာရှည်က အစားအသောက်၊ အနေမျှားပင်ပျက်ကာ တစ်ရက်ထက်တစ်ရက်သာ ဆိုးဝါးသည်းထန်၍လာလေ၏။

ယမန်ညကလည်း လူမှန်းမသိအောင်ပင် တစ်ညလုံး အလူးအလဲဖြစ်၍ အသည်းအသန်ခံစားနေရသည်ကို လူသူမနီးသည့် တောကြီးထဲ၌ မီးခွက်ကလေးတစ်ခုကိုသာ အဖော်ပြုကာ တစ်ယောက်တည်း ငုတ်တုတ်ထိုင်၍ လက်မှိုင်ချကာ သူငယ်ချင်း၏ ခံစားတွေ့ကြုံနေရပုံတို့ကို မချိမဆန့်ဝမ်းနည်းစွာ စိုးရိမ်ခြင်းသောက မကင်းနိုင်ဘဲ 'အင်း... ခုနေများ မတော်တဆဖြစ်သွားရင်တော့ သူငယ်ချင်းရယ် ... ကျုပ်ဖြင့် မကြံတတ်အောင်ကို ရှိတော့တာပဲ။ လူချင်းများ လဲလို့ရရင် လဲခံလိုက်ချင်တာပဲ ကိုသန်းဖေရေ ဒုက္ခ ဒုက္ခ ... အမယ်... ဘုရား ဘုရား ...ကိုသန်းဖေ ... ကိုသန်းဖေ သတိထားပါဗျာ ... ကျုပ်လေ ဒီမှာ ကျုပ်လေ ... တင်မြင့် ... ဟုတ်တယ် ... အင်း ...'ဟု သက်ပြင်းကြီးများကိုချကာ ဘုရားတရား သံဃာတော်မြတ်အပေါင်းတို့ကို တသလျက် နံနက်အရုဏ်တက်၍ လင်းဘက်သို့ ကူးပြောင်းလာမှ အနည်းငယ်သက်သာသကဲ့သို့ အိပ်ပျော်သွားရှာသည်ကို ဝမ်းသာဝမ်းနည်းသော အမူအရာဖြင့် သူငယ်ချင်းကိုကြည့်ကာ မျက်ရည်များကျလာမိလေ၏။

## အခန်း[၂]

'ကိုသန်းဖေရေ ... ကျွန်တော် ဒီနေ့ မြို့ကို ခဏသွားရမလား။ ဘယ့်

mgyoe.com

mgyoe.com

နယ်လဲ နေလို့ထိုင်လို့ တော်တော်ကောင်းရဲ့လား'ဟု ပခုံးမှ လွယ်အိတ်ကြီးကိုချ၍ လက်ထဲမှပါလာသော တူရွင်းပြား မြေတူးပေါက်ချွန်းများကို တဲဝ၌ အသာထောင်ရင်း မေးလိုက်ရာ မောင်သန်းဖေက 'သြော် ... ဟုတ်ကဲ့ ကိုတင်မြင့်၊ သွားလေ ကိစ္စမရှိပါဘူး။ ကျွန်တော်လည်း နည်းနည်း နေထိုင်ကောင်းလာပါပြီ။ အားမရှိတာတစ်ခုပါပဲ။ ကျွန်တော်တောင် ကိုတင်မြင့်နဲ့ အတူ အဖော်လိုက်ချင်သေးရဲ့ဗျာ။ ဒါနဲ့ မြို့ကို ဘာကိစ္စနဲ့ သွားမှာလဲ'

မောင်တင်မြင့်က ပြုံးရွှင်သောမျက်နှာဖြင့် လက်ထဲမှ ကျောက်စရစ်ခဲတစ်ခုကို ထောင်ပြရင်း 'ဒီမှာလေ ကိုသန်းဖေ ... ကျွန်တော်တို့တော့ ပွပြီလို့ မှတ်ပေတော့ဗျာ။ ဒီမှာ ... ကျောက်တွင်းရှိတဲ့နေရာက ခုမနက်ရခဲ့တာလေ။ ဒီဟာ သူဌေးကြီးဆီ သွားပြချင်တာပါပဲ။ နောက်ပြီး အစားအသောက် ငါးခြောက် ငါးခြမ်းကလေးလည်းဝယ်ရင်းဆိုသလိုသွားမယ်အောက်မေ့တယ်။ နို့ပေမဲ့ ကိုသန်းဖေကို ကျုပ်စိတ်မချဘူးဗျာ။ ဒါကြောင့် ဒီနေ့ သွားရကောင်းမလား၊ မသွားရကောင်းမလားလို့ စဉ်းစားနေတယ်'

သန်းဖေ။ ။ 'အို ... သွားပါ ကိုတင်မြင့်။ ကိစ္စရှိတာကို သွားမှပေါ့။ ကျွန်တော့်အတွက် မစိုးရိမ် မကြောင့်ကြပါနဲ့။ ကျွန်တော်လည်း အတော်နေကောင်းပါပြီ'

တင်မြင့်။ ။ 'အေး ... ဒါဖြင့် ဘာမှာဦးမလဲ။ ဘာလိုချင်သလဲ၊ ဘာစားချင်သလဲပြော ကိုသန်းဖေ။ စားချင်တာကို ကျွန်တော်ဝယ်ခဲ့မယ်။ အချိုစားမလား၊ အချဉ်။ သြော် ... အချဉ်စားချင်ရင် လိမ္မော်သီးမကောင်းဘူးလား။ မရမ်းသီး၊ ရှောက်သီးတွေကတော့ လူနဲ့မတည့်ဘူးထင်တယ်။ ဒို့ပြင်ကော ထမင်းနဲ့စားဖို့ရာ ဘာမှာလိုက်ဦးမလဲ'

သန်းဖေ။ ။ 'သြော် ... ဟုတ်ကဲ့။ ဝမ်းဘဲပေါင်းမရရင်လည်း ဝမ်းဘဲကင်ပေါ့နော်'

တင်မြင့်။ ။ 'အင်း ... ဝယ်ခဲ့မယ်လေ။ ကိုသန်းဖေသာ ကောင်းကောင်းနေရစ်ပါနော်။ ကျွန်တော် စိတ်ချသွားပါရစေ'ဟု ပြောဆိုမှာထား၍ အဝတ်အစားများလဲလှယ်ပြီးလျှင် သေနတ်တစ်လက်ကို ယူဆောင်ကာ မောင်တင်

mgyoe.com

မြင့်မှာ သူငယ်ချင်းဖြစ်သူကို စိတ်မချသည့်အနေဖြင့် ပြန်ကြည့်ပြန်ကြည့်နှင့် ထွက်လာခဲ့လေ၏။

တဲကလေးအဝမှ ငေးမော့ကျန်ရစ်သော သန်းဖေမှာလည်း မောင်တင်မြင့် ထွက်ခွာရာလမ်းကိုသာ မျှော်မှန်း၍ကြည့်ကာ အတော်ဝေးကွာ၍ မမြင်သောအခါမှ ထိုင်ခုံခွေးခြေကလေးနားက ထလာပြီးလျှင် တဲထဲသို့ ဝင်လာခဲ့လေ၏။

ထို့နောက် ခေါက်ခုတင်ကလေးပေါ်သို့ ကိုယ်ကို အသာလှဲချကာ နဖူးပေါ်လက်တင်၍ တစ်စုံတစ်ခုကို ငြိမ်သက်စွာ စဉ်းစားနေရင်းပင် အောက်ပါအဖြစ်အပျက်များကို သွားရောက်သတိရလာမိလေ၏။

သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏။

(မဘက်လိုက်၊ မိုက်ဘက်ပါ)

'ဟေ့ ... သန်းဖေ ... ဘယ့်နှယ်လဲ။ ငါပြောတာ ကြားရဲ့လား။ မင်းသည်ကောင်မကို ဖြတ်နိုင်ရင်ဖြတ်၊ မဖြတ်နိုင်ရင် မင်းနဲ့ငါနဲ့ ဖြတ်ရလိမ့်မယ်။ ဒါပဲ ... မင်းအတွက် ငါ ကြာကြာအရှက်မခံနိုင်ဘူး ...'ဟု ပွဲစားကြီး ဦးဘိုးအောင်သည် အလွန်ဒေါသထွက်သောအမူအရာဖြင့် မိမိရှေ့၌ ရပ်နေသောသားဖြစ်သူ မောင်သန်းဖေကိုပြော၍ လက်သီးများကိုပင် ဆုပ်ကာ ဒေါပုန်ပါပါနှင့် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် စကြိုလျှောက်နေလေ၏။

သန်းဖေသည်ကား ဖခင်၏ အမူအရာကို မထီလေးစား မခန့်ညားသော မျက်နှာထားဖြင့် စွေစောင်းကြည့်ကာ ဂရုမစိုက်သကဲ့သို့ မိမိ၏ ရှေ့တူရူကိုသာ စူးစိုက်ငေးမောနေလေ၏။

ဦးဘိုးအောင်သည် သား၏အရိပ်အကဲ အမူအရာကိုမြင်ရလျှင် သာလွန်စိတ်ဆိုးကာ သန်းဖေ၏ ရှေ့တည့်တည့်မှရပ်၍ မျက်နှာကို စေ့စေ့ကြည့်ပြီး ဘယ်ဘက်လက်ကိုဆုပ်ကာ ညာဘက်လက်ညှိုးဖြင့် တငေါက်ငေါက်ထိုး၍ 'မင်းဟာ အစက တော်လိမ့်မလားအောက်မေ့တယ်။ အခုမှ

mgyaa.com

 mgyoe.com 

မုဆိုးမအိမ်ကပစ်လိုက်တဲ့ အိုးမှုတ်ခွက်စုတ်လောက်မှ အသုံးမကျ။ အရာမမြောက်တဲ့အကောင်မုန်း ငါသိတယ်။ မင်းမို့ မရှက်လေကွာ။ ဒီမြို့ပျက်ရွာပျက်တွေနဲ့ အဖက်လုပ်ပြီး အလေလိုက်နေတာ။ တို့လိုမျိုးဖြင့် ရှက်လို့လဲသေလိုက်မကွ ... သိလား။ မင်းသက်သက်ကို ငါ့အရှက်လိုက်ခွဲနေတဲ့အကောင်။ မင်းလိုသားမျိုးမွေးရတာ မြွေပွေးခါးပိုက်ပိုက်ပြီး ကျားပိုက်နဲ့တိုက်ရတာထက် ကြောက်စရာကောင်းသေးတယ်။ မင်းကို ကျပ်ကျပ်ယုံလေ ကျပ်ကျပ်မှားလေပဲ။ ကဲ ... ဘာပြောချင်သေးသလဲ။ မင်း မနေ့က ဝတ်သွားတဲ့စိန်လက်စွပ်ဟာ ဘယ်မလဲ ငါ့ပြစမ်း။ ဘယ်သူ့ကို နောက်ပိုးကြေး ဆက်ခဲ့ပြန်သလဲ'

'အို... ဖေဖေ့လက်စွပ်ရှိတယ်။ ဘယ်သူ့ကို ဆက်ရမလဲ။ ဒီလိုလက်စွပ်မျိုးကို အဖိုးထိုက်ထိုက်တန်တန်လုပ်ဖို့ အလကားပေးတာတောင် ယူမယ့်သူ မရှိဘူး'

'အလိုလေးလေး ... စိန်လက်စွပ်ကိုလားကွယ် မင်းက။ အေး ... အေး ... အလကားတော့ ဘယ်သူ့ကိုမှမပေးပါနဲ့မောင်ရယ်။ မင်းက ဝေဿန္တရာလုပ်ပြီးပေးနိုင်ပေမဲ့ ကျုပ်က မတတ်နိုင်ပါဘူး။ ငါ့လက်စွပ်ကို ငါ့ကိုပဲ ပြန်ပေးပါ။ ဘယ်မလဲ ဒီလက်စွပ်'

'ရှိပါတယ်'

'ရှိရင် ဘယ်မလဲကွ၊ ပေးပါ'

'အို ... ခုမရှိသေးဘူး။ သူငယ်ချင်းတစ်ယောက်က ငှားသွားလို့။ ဖေဖေ့လက်စွပ်ပြန်ရရင် ပြီးရောမဟုတ်လား'

'အေး ... မင်းဘယ်ထိအောင် လိမ်မလဲကွယ် ... လိမ်စမ်း။ မင်းလိမ်သမျှ ငါယုံခဲ့တယ်။ အခုတော့ ငါမယုံနိုင်တော့ဘူးကွ သန်းဖေရ။ မင်းက ငါ့ကို ဇောတိကသူဌေးကြီးမှတ်နေသလား။ မင်းရှာတဲ့ပစ္စည်းလည်း တစ်ပြားတစ်ချပ်မှ ရှိတာမဟုတ်ဘဲနဲ့။ မင်း ... အင်မတန်လွန်ပြီ။ အလိုလိုက်လို့အမိုက် စော်ကားတယ်။ မင်း ဘယ်လိုညာညာ မင်းဟာ ငါမွေးတဲ့သားပါ။ မင်း အကြောင်းတွေကို ငါ ကောင်းကောင်းကြီးသိလို့ မင်းကို မလိုချင်

mgyoe.com

တော့ဘူး သိလား'

'ဖေဖေ မလိုချင်ပေမဲ့ ကျွန်တော်ပြောစရာရှိတာကိုတော့ ပြောရဦးမှာပဲ။ ရှေ့လျှောက်လည်း မထူးဘူး။ တစ်ဦးနဲ့တစ်ဦး မေတ္တာရှိနေပြီဟာကို။ ဖေဖေတို့ ကြားကဖျက်နေဖို့လည်း မကောင်းပါဘူး။ သူများသားသမီးကိုလည်း ဒီလို ပန်းကောင်းအညွန့်ကျိုး ချိုးချိုးဖွဲ့ဖွဲ့မကဲ့ရဲ့ပါနဲ့။ ကျွန်တော်ကိုယ်တိုင်က ကြည်ဖြူလို့ သဘောတူချစ်ခင်လာကြတာကို ဘယ်သူ့ဘယ်သူကိုမှ အပြစ်တင်စရာမလိုဘူးထင်တယ်။ ဖေဖေတို့လည်း ပျိုရာက အိုလာခဲ့တာ။ သူ့ချစ်ခြင်းကို မခွင်းစကောင်းပါဘူး။ ဒီ'ချစ်ချစ်'ဟာလည်း အင်မတန် ဣန္ဒြေရှိလို့'

'အို ... ဟို ... ဟို တယ်ယဉ်တဲ့စကားကလေးပဲ။ မင်းကလား ငါ့ကို။ ဘုန်းကြီးစာချ၊ မိကျောင်းမင်း ရေကင်းပြသလို ဆုံးမနေတာ။ သန်းဖေရယ် မင်းကလေ ငါဖအေထက် တစ်လမကြီးချင်စမ်းပါနဲ့။ တိတ်ပါကွာ။ မင်းစကားတွေဟာ လူရာမဝင်သေးပါဘူး သေနန်းရယ်။ အများကြားလို့ရှက်စရာ။ တော်စမ်းကွာ'

သန်းဖေသည် ဖခင်၏မျက်နှာကို ဒေါသဆောင်လျက်ရှိသော မျက်လုံးတို့ဖြင့် မျက်မှောင်ကြီးကိုကုတ်ခါ အတန်ကြာ စူးစိုက်ကြည့်နေပြီး 'အို ... ဘယ်သူ ဘယ်လိုရှက်ရှက် ကျွန်တော်မရှက်ဘူး။ ကျွန်တော် ကြည်ဖြူရင် ယူမှာပဲ။ ဘယ်သူက ဘာပြောဦးမလဲ။ ပြောလည်း ကျွန်တော်က ဂရုမစိုက်ပါဘူး'ဟု အန်တုဖက်ပြိုင်သောသဘောမျိုးဖြင့် တစ်ရှူးထိုးထွက်လာသော ဒေါသကို မချုပ်တည်းနိုင်၍ အသံထား ခပ်မာမာနှင့် ပြန်ပြောလိုက်ရာ ဖခင်ကြီးမှာ အလွန်အမင်း ပြင်းပြစွာ ဒေါသထွက်လာလျက် တစ်သက်နှင့်တစ်ကိုယ် အလိုကိုလိုက်၍ မဆိုဖူး၊ မရိုက်ဖူးဘဲ တဖူးဖူးမှုတ်ကာ အရုပ်ကလေးလို မပြတ်အရိပ်ကြည့်လာခဲ့သော သားက ဤကဲ့သို့ နှုတ်လှန်ထိုး၍ အရွဲ့တိုက်ပြောဆိုလိုက်သည်ကို ကရုဏာဒေါသောဖြင့် လက်သီးလက်မောင်းများကို တန်းကာ သန်းဖေ၏အနီးသို့ကပ်လာပြီး 'ဘာ ... ဘာ မင်းက ငါ့ကိုလား ဂရုမစိုက်တာ။ ဂရုမစိုက်ရင်သွား။ အမိုက်မသား ... ခွာ

mgyoe.com

mgyoe.com

ရာချင်းတုလို့ ... နင်က ငါ့ကို စမ်းသလား။ လူပါးဝလို့ ... ငါ... တယ်ဟု သန်းဖေ၏မျက်နှာပေါ်သို့ လက်သီးများကိုဝဲကာ ထိုးတော့မည်၊ နှက်တော့မည်ကဲ့သို့ ကြိမ်းမောင်းပြောဆိုလိုက်ရာ သန်းဖေမှာ မိမိကို အကယ်ထိုးမည် ထင်မှတ်၍ ရုတ်တရက်ထွက်လာသော ဒေါသဇောဖြင့် ကသောကမျော တွန်းလိုက်သည်တွင် ဖခင်ကြီးမှာ အားချင်းမတူမျှသဖြင့် နောက်သို့ ဘုန်းခနဲ လန်လဲကျသွားသည်နှင့် တစ်ပြိုင်နက် အနီးရှိ စားပွဲစွန်းနှင့် ထိခိုက်မိ၍ ခေါင်းမှ နီမြန်းရဲရဲတောက်သော သွေးစိမ်းတို့သည် တပေါက်ပေါက် ကျဆင်းလာလေ၏။

ထိုအခြင်းအရာကိုမြင်ရသော သန်းဖေမှာ ရုတ်တရက် အံ့အားသင့်၍ ငေးမောကြည့်နေစဉ် ဖခင်ကြီးသည် ခေါင်းကို လက်ဝါးနှင့်အုပ်ကာ ထလိုက်ပြီး ‘တော်တယ် ... မင်း အင်မတန်တော်တဲ့သားပဲ။ အခုမွေးကျေးဖူးဆပ်တာပေါ့လေ။ အင်း ... ဘုန်းကြီးလို့ သက်ရှည်မယ့်သား။ ကဲ... ကဲ... မင်း ငါ့အိမ်မှာမနေနဲ့တော့ ခုဆင်းသွားပါ။ မင်းကို ကြာကြာမကြည့်ချင်ဘူး။ အဆိပ်ပင်ရေလောင်းသလို မိဘကို ရန်ပြုမဲ့သားဆိုး။ အခုကတည်းက သွားပေတော့။ ရော့ ငွေ ၅၀၀။ ဒါအပြီးပဲ။ ငါ့အိမ်ကိုလည်း ဘယ်တော့မှမလာနဲ့။ ငါသေတဲ့အခါမှ မင်းရထိုက်သလောက်အမွေကို လာတောင်းလှည့်’ ဟု ဒေါသချောင်းချောင်းထွက်၍ တစ်ကိုယ်လုံး တသွက်သွက်တုန်ကာ ပြောပြောဆိုဆိုနှင့်ပင် အတွင်းအိတ်ထဲမှ ငွေစက္ကူလိပ်ကြီးကို ပစ်ပေးလိုက်ရာ သန်းဖေမှာလည်း သွေးပူဆူတုန်းအခါမို့ ဗြုန်းခနဲ ဘာကိုမှ မစဉ်းစားနိုင်ပဲ အတင်းသား ငွေစက္ကူလိပ်ကြီးကို ကောက်ယူကာ ဆင်းလာခဲ့လေ၏။

အိမ်မှထွက်လာပြီး လမ်းထိပ်သို့ရောက်လာလျှင်ပင် မိမိ၏အဖြစ်အပျက် ပြုလုပ်ခဲ့သမျှတို့ကို ချက်ချင်းသတိရလေ၏။ ယင်းသို့သိသည်နှင့် တစ်ပြိုင်နက် ဖခင်ကြီးနောက်ဆုံးပြောလိုက်သမျှ စကားတို့ကို တစ်ခါတည်း ပြန်လည်ကြားယောင်လာ၍ ရဲရဲနီသော သွေးတို့ဖြင့် စီးယိုလိမ်းကျံလျက်ရှိသော ဖခင်၏မျက်နှာကို တစ်ချက်တည်း မြင်ပြန်ကာ ကြီးစွာသော သနားခြင်းဖြင့် မျက်ရည်တို့သည် မျက်လုံးအိမ်အတွင်း၌ ပထမပြည့်လျှမ်း၍ စိမ့်စမ်း

mgyoe.com

mgyoe.com

အသွင် ပါးပြင်ထက်သို့ တဖြည်းဖြည်း လိမ့်ဆင်းကျလာလေ၏။

ဖခမည်းတော်ကို နန်းမှချ၍ ထောင်သွင်းအကျဉ်းထားကာ အသားလှီး မီးကင်၊ ဆားတင်၍သတ်သော အဇာတသတ်မင်းသား၏ အတ္ထုပ္ပတ္တိကိုသာ သတိရကာ သိလျက်သားနှင့် မိုက်မှားခဲ့သမျှတို့ကို နောင်တ သံဝေဂကြီးစွာရလျက် ယခုလတ်တလော နစ်မျောခံရမည်ကဲ့သို့သော ဘေးကိုတွေး၍ များစွာ ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ မီးပုံ၊ မီးအိုး၊ မီးတောင်ကြီးတို့သည် ပြိုးပြိုးပြက်သောအရောင်ဖြင့် မျက်လုံးထဲ၌ ဝင်းဝင်းတောက်လောင်နေလေ၏။ ဆီးကင်းခန့်မျှသော ချွေးသီးချွေးပေါက်တို့သည် နဖူးပြင်ထက်မှ တသိတစဉ်ကြီး ကျစီးဆင်းလာ၍ ရင်တွင်း၌လည်း ပူဆာကျွမ်းလောင်ကုန်တော့မည်ကဲ့သို့ မိမိ၏အဖြစ်ကိုတွေးမိသတိရတိုင်း ဝမ်းနည်းခြင်းပြင်းစွာ ဖြစ်ပေါ်လာလေ၏။

သို့သော် ခံရလတ္တံ့သော ဘေးကိုကား တွေး၍မကြောက်တော့ပြီ။ ဤမျှ တရားကင်းမဲ့စွာ မိုက်ခဲ့သမျှသော ဤခန္ဓာကြီးနှင့် ဤဝိညာဉ်တို့ကို တစ်ခါတည်း အစတုံး၍ အဆုံးစီရင်လိုက်လိုသောစိတ်များပင် ဖြစ်ပေါ်လာလေ၏။ မိမိမှားသမျှတို့ကို တရားရကာ ဖခင်ကြီးကို ကျေရာကျေကြောင်း ဦးချတောင်းပန်လိုသောစိတ်တို့ ဖြစ်ပေါ်လာသော်လည်း ဖခင်ကြီး၏ မျက်နှာကို မကြည့်ဝံ့တော့ဘဲ အိမ်သို့လည်း ပြန်မသွားရဲသဖြင့် အသည်းကျွမ်း၍ ကျွမ်းသန္တာလန် နင်းကန်တိုးဝှေ့နေသော အပူငွေ့ကြောင့် လူတွေ့ကိုမှ မခံရဲ လောက်အောင် ချောင်ကောင်းကောင်းတစ်ခုထဲ၌ ခိုအောင်းတိုးဝင် ပုန်းချင်လာလေ၏။

ဪ ... မိန်းမ မိန်းမ၊ မိန်းမအတွက်ကြောင့် ပြည်ပျက်တယ်ဆိုတာ ဟုတ်မှာပဲ။ တယ်လည်း ကြောက်စရာကောင်းပါကလားဟု စဉ်းစားမိကာ ချစ်ချစ်တည်းဟူသော ကိလေသာတဏှာငါးမြားခြ် ငါးစာအလား မျောပါး ငြိတွယ်လာခဲ့သမျှတို့ကို နောင်တရလျက် တစ်ချက်တည်း မုန်းချင်သည့် စိတ်များပေါ်လာကာ ဤမန္တလေးမြို့ကြီး၌ပင် မနေချင်တော့ဘဲ ဘူတာရုံဆီသို့ ထွက်လာခဲ့ပြီး အဆင်သင့်ဆိုက်ကပ်ထားသော မီးရထားပေါ်သို့ တက်

mgyoe.com

mgyoe.com

ရောက် စီးနင်းလိုက်ပါလာခဲ့လေ၏။

ထို့နောက် သုံးရက်မြောက်သောနေ့ နံနက်အချိန်တွင် နမ္မတူမြို့ လက်ဖက်ရည်ဆိုင်တစ်ခုအတွင်း၌ အသက် ၂၀ ကျော်အရွယ်ခန့်ရှိ ယောက်ျားပျို တစ်ယောက်သည် အသိမိတ်ဆွေကင်းမဲ့သောသဏ္ဍာန်ဖြင့် တစ်ယောက်တည်း ငေးမှိုင်တွေဝေနေသည်ကို တွေ့ရလေ၏။ သို့သော် ထိုယောက်ျားပျို သည်ကား အခြားမဟုတ် ကျွန်ုပ်တို့ သိမြင်ပြီးသော အပူသည် မောင်သန်းဖေ ပင် ဖြစ်သတည်း။

သန်းဖေသည် ယခင်ဖော်ပြခဲ့ပြီးသော အဖြစ်အပျက်တို့ကို တွေ့ကြုံ ပြီး မန္တလေးမှ ရထားစီးနင်းလာခဲ့ရာ ထိုနေ့၌ပင် မေမြို့သို့ရောက်၍ အသိ မိတ်ဆွေ၏ အိမ်တစ်အိမ်၌ တစ်ညတည်းခိုနေထိုင်ခဲ့သော်လည်း စိတ်ချမ်း သာ ပျော်မွေ့ခြင်းမရှိသဖြင့် နောက်တစ်နေ့နံနက်တွင် မေမြို့မှ ရှမ်းပြည်နယ် မြောက်ပိုင်းသွား လားရှိုးမီးရထားကို စီးနင်းကာ နမ္မရိုးဘူတာ၌ တစ်ည အိပ်ပြီး နံနက် နမ္မတူသို့ထွက်သော သူဌေးမီးရထားနှင့် လိုက်ပါလာခဲ့လေ ၏။

သန်းဖေသည် နမ္မတူသို့ရောက်သော်လည်း အသိမိတ်ဆွေ တစ်စုံ တစ်ယောက်မှမရှိ၍ သတ္တုစက်ရုံကြီးအနီး၌ တစ်ခုသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ ဝင်ရောက်ကာ လက်ဖက်ရည်တစ်ခွက်ကို မှာပြီးလျှင် ကုလား ထိုင်တစ်လုံးကို ဆွဲယူထိုင်လျက် အကြောင်းသား ငေး၍သာ မိမိဖြစ်ခဲ့သမျှ အကြောင်းတို့ကို တွေးတောထင်မြင်နေလေ၏။

သန်းဖေ၏ အနီးအနားပတ်ဝန်းကျင်၌ကား သတ္တုစက်ရုံကြီးများသို့ မိမိတို့လုပ်ငန်းဆိုင်ရာ သွားလာလုပ်ကိုင်ကြမည့် အလုပ်သမားများနှင့် သဏ္ဍာန်တူသော လူတစ်စုတို့သည် အလုပ်ဝင်ချိန်မတိုင်မီ အဆာပြေ လက် ဖက်ရည်နှင့် မုန့်တို့ကို သောက်စားနေကြရင်း ပျော်ရွှင်ရယ်မောကာ အချီအချ စပ်မိစပ်ရာစကားတို့ကို ပြောဆိုနေကြသည်မှာ နားမခံသာအောင် ဆူညံ၍ နေလေ၏။

ထိုသူတို့၏ ဝတ်ပုံစားပုံ အမူအရာကိုလည်းကောင်း၊ စိတ်ချမ်းမြေ့

mgyoe.com

ပျော်ရွှင်စွာ သွားကြလာကြ၊ လုပ်ကြကိုင်ကြ၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲသောအနေဖြင့် စိတ္တသုခပြည့်ဝချမ်းသာရခြင်းအဖြစ်ကိုလည်းကောင်း၊ တစိမ့်စိမ့်ငေးမောကြည့်ရင်း သန်းဖေသည် မိမိ၏ အခြေအနေ၊ လူတန်းလူစားမျိုးနှင့်ဖြစ်ပျက်ခဲ့ရပုံတို့ကို တစ်ဖုံနှိုင်းယှဉ်ကာ ဝမ်းနည်း၍ငိုချင်လာလေ၏။

တစ်ဖန် လောကကြီးကိုပင် ငြီးငွေ့လာ၍ လူအုပ်ကောင်းကောင်းနှင့် စည်စည်ကားကား၊ စုစုရုံးရုံးနှင့် သိုက်မြိုက်ပျော်ရွှင်စွာ သွားလာနေထိုင်ကြသည်ကိုပင် မမြင်ချင်၊ မကြည့်ဝံ့ဘဲ အသည်းထဲ၌ လှိုက်ဖိုကာ အလိုလိုထိတ်လန့်ကြောက်ရွံ့သောစိတ်များပေါ်လျက် လူသူမနီးသည့် တောကြီးတောင်ကြီးတို့အကြား၌ ကျားကိုက်ကိုက်၊ ဆင်ထိုးထိုး၊ သေခြင်းဆိုးနှင့်ပင်သေစေတော့ ရောက်ရာပေါက်ရာ ဦးတည်ရာကိုသာ လျှောက်၍သွားချင်နေတော့လေ၏။

အတန်ကြာလျှင် ယခင်က ဆူညံနေကြသောလူများသည်လည်း အသီးသီး မိမိတို့၏ လုပ်ငန်းဆိုင်ရာတို့သို့ ထွက်သွားကုန်ကြရာ လက်ဖက်ရည်ဆိုင်တစ်ခုလုံးမှာ လူကုန်ရှင်းလင်းသွားမလောက်ဖြစ်၍ အတော်အတန်တိတ်ဆိတ်ငြိမ်သွားလျှင် ချောင်ထဲ၌ တစ်ယောက်တည်းကုပ်၍ မလှုပ်မယှက်ထိုင်လျက် ကျန်ရစ်ခဲ့သော သန်းဖေမှာ အတော်ပင် စိတ်သက်သာရာရလေ၏။

ထိုစဉ်အတွင်း သန်းဖေနှင့် ရုပ်ချင်းသဏ္ဌာန်အလွန်တူသော ယောက်ျားပျို ခံ့ခံ့ညားညား သားနားစွာ ဝတ်ဆင်ထားသောသူတစ်ယောက်သည် သန်းဖေထိုင်လျက်ရှိသော လက်ဖက်ရည်ဆိုင်ရှေ့ လမ်းမကြီးမှ လျှောက်လာ၍ ရုတ်တရက် ဆိုင်တွင်းသို့ ဝင်ရောက်လာသည်ကို သန်းဖေသည် အံ့သြဝမ်းသာသော အမူအရာနှင့် ထိုသူကို စူးစိုက်ငေးမောကာ ကြည့်နေမိလေ၏။

ယောက်ျားပျိုသည်လည်း ဆိုင်တွင်းသို့ရောက်လျှင် လက်ဖက်ရည်တစ်ခွက်ကိုမှာပြီး ထိုင်တော့မည်ဟု ကုလားထိုင်တစ်လုံးကို ဆွဲယူရင်း မိမိအနီးအနားသို့ စွေစောင်းကြည့်ရာတွင် သန်းဖေကိုမြင်လျှင် ရုတ်တရက်

mgyaa.com

အံ့အားသင့်သွားသောအမူအရာဖြင့် ငေးမောတွေဝေနေပြီးမှ ရုတ်တရက် အနားသို့ကပ်လာကာ ပြုံး၍ 'အို ... မိတ်ဆွေ၊ ခင်ဗျား မန္တလေးက ကိုသန်းဖေမဟုတ်ဘူးလား'ဟု မေးလိုက်ရာ –

သန်းဖေ။ ။'ဟုတ်ကဲ့၊ ကျွန်တော် သန်းဖေပါခင်ဗျာ။ ခင်ဗျား ကိုတင်မြင့်မဟုတ်ဘူးလား'

ထိုအခါ ယခင်ယောက်ျားပျိုသည် အလွန်ဝမ်းသာအားရသော အမူအရာဖြင့် သန်းဖေ၏အနီးသို့ တိုးကပ်လာပြီး 'အမယ်လေး ... ဟုတ်တယ်၊ ကျုပ်တင်မြင့်လေ ကိုသန်းဖေ။ ခင်ဗျား ဘယ့်နှယ် ဒီကိုရောက်နေသလဲ ပြောစမ်းပါဦး။ ဝမ်းသာလိုက်တာဗျာ။ ခုလို မမှာထားဘဲ အဆင်သင့် ကြုံတွေ့ရတာ ဝမ်းသာလိုက်တာ ကိုသန်းဖေရယ်'ဟု ရန်ကုန်ကျောင်းမှထွက်သည့်နေ့မှစ၍ ကွဲကွာနေကြသော သူငယ်ချင်းချစ်နှစ်ယောက်တို့ဖြစ်သဖြင့် တစ်ယောက်ကိုတစ်ယောက် ဝမ်းမြောက်ဝမ်းသာစွာ ပွေ့ဖက်ဆွဲရမ်း နှုတ်ဆက်ကြလေ၏။

သန်းဖေမှာလည်း အတိုင်းထက်အလွန်ဝမ်းသာကာ မိမိဖြစ်ပျက်တွေ့ကြုံခဲ့သမျှတို့ကို ဝမ်းနည်းစွာနှင့် ပြောပြလေရာ မောင်တင်မြင့် အဆုံးသတ်၍ 'အို... မမှားသောရှေ့နေ၊ မသေသောဆေးသမားရယ်လို့ ဘယ်မှာရှိမလဲ ကိုသန်းဖေရယ်။ ကိုယ့်စိတ်ကိုသာ ကိုယ်ဖြေပါတော့။ ခုလို နောင်တရတယ်ဆိုတာကိုပဲ အပုံကြီး ကိုယ်ကိုကိုယ် ကျေးဇူးတင် ဝမ်းမြောက်ဖို့ရှိပါတယ်။ အဲ ခုတော့ဖြင့် ခင်ဗျား မမှားတော့ဘူး။ ကျွန်တော်နှင့်တွေ့ပြီ။ အရင်က စိတ်မချမ်းသာတာတွေကို လုံးလုံးဖျောက်ပြီး စိတ်အေးအေးချမ်းချမ်းသာသာ နေပေတော့။ ကဲ... လာ ကိုသန်းဖေ သွားမယ်'

သန်းဖေမှာ အလွန်စိတ်ချမ်းသာရာရသောမျက်နှာနှင့် သူငယ်ချင်းကိုကြည့်၍ လက်ကို ကိုင်ဆွဲထားပြီး 'နို့ နေပါဦး ကိုတင်မြင့်ရယ် ခင်ဗျားဘယ်မှာနေလို့ ခု ဘယ်ကိုသွားမှာလဲ။ ခင်ဗျား နမ္မတူကို ဘယ်တုန်းကရောက်လာသလဲ'

တင်မြင့်။ ။ပြုံး၍ 'အို ကျွန်တော် ဒီနမ္မတူမှာနေတာပဲ ကိုသန်းဖေရဲ့။

mgyoe.com

mgyoe.com

ခင်ဗျားမသိဘူး။ ဟို ကျွန်တော် ကျောင်းမှာနေတုန်းက ပြောပြောနေတယ် မဟုတ်လားဗျ။ တောင်ကြီးတောကြီးထဲမှာ သတ္တုတွင်းတွေ၊ ကျောက်တွင်းတွေကို လှည့်လည်ရှာဖွေတဲ့အကြောင်းတွေကို။ အဲ ကျွန်တော် ခင်ဗျားတို့နဲ့ ကျောင်းကထွက်ပြီး ကွဲကွာသွားတဲ့အခါ ဝါသနာအထုံဘာဂီအလျောက် ဘိလပ်မှာ သတ္တုတွင်းဘက်ဆိုင်ရာ ကမ္ဘဗေဒအတတ်ကို သွားရောက်သင်လာပြီး ဟို ဘိလပ်မှာဘဲ အင်္ဂလိပ်သူဌေးကြီးတစ်ဦးနဲ့ သိကျွမ်းခင်မင်ပြီး ဒီရန်ကုန်ကိုပြန်တော့ မြန်မာပြည် နမ္မတူမှာရှိတဲ့ သူ့ကိုယ်စားလှယ် သူဌေးကြီးတစ်ဦးဆီကို စာရေးပေးလိုက်တာကြောင့် ဒီမှာပဲ ကျုပ်ရောက်နေတာ နှစ်နှစ်ကျော်လောက်ရှိသွားပြီ။ အခုလည်း ရှမ်းပြည်နယ်တွင်း တောင်ညိုကြီးတစ်တောင်မှာ ကျောက်တွင်းရှိတယ်သတင်းရလို့ သွားရဦးမယ် ကိုသန်းဖေရဲ့။ ကဲ လာပါဗျာ သွားကြစို့ရဲ့ ကျွန်တော့်အိမ်ကို။ ကျွန်တော်တော့ဖြင့် ဒီအလုပ်အကိုင် အကြံအစည် အထမမြောက်သေးခင်တော့ လူပျိုကြီး အထီးကျန်ဘဝမှာပဲ နေရသေးတာပဲဗျာ' ဟု ပြောဆို၍ သန်းဖေမှာလည်း စိတ်တူသဘောတူစွာ သူငယ်ချင်းနေအိမ်သို့ လိုက်သွားပြီး မကြာမီ လေးငါးရက်အတွင်းမှာပင် ခရီးထွက်၍ ဤတောဤတောင်ကြီးထဲသို့ ရောက်လာခဲ့လေသတည်း။

## အခန်း [ ၃ ]

သန်းဖေသည် အထက်ပါအဖြစ်အပျက်များကိုစဉ်းစားရင်း မချိအောင် ဝမ်းနည်းလှိုက်ဖို၍ ပါးပြင်ကို စီးယိုကျဆင်းလာသော မျက်ရည်ပူတို့ကို သုတ်ရင်း ရှိုက်ကာရှိုက်ကာ လွတ်လပ်ဆိတ်ငြိမ်သော တောကြီးအတွင်း၌ တစ်ယောက်တည်း အားရအောင်ငိုကြွေးရှာလေ၏။ 'ခလုတ်ထိမှ အမိတ' 'ဆင်းရဲလေလေ သံဝေဖျဖျ နောင်တရ' ဟူသော စကားများရှိသော်လည်း သန်းဖေမှာ လုံးလုံးလျားလျားမပြုပြင်နိုင်လောက်အောင် မိုက်မှားနေခဲ့သော သူမဟုတ်သည့်ပြင် 'ပုထုဇ္ဇနော၊ ဥမ္မတ္တကော' သဘောချင်းမဆုံကြိုက်၊

mgyoe.com